The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL.24, NO. 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 5, 2024




# ငှက်ပျောလျှော်မှ ထုတ်လုပ်သည့် တန်ဖိုးမြင့် ထုတ်ကုန်များ

pmrsuEfS- 10 ➤

## ဝန်ဆောင်မှု လုပ်ငန်းနှင့် စားသုံးသူ အခွင့်အရေး

pmrsuEfS- 22 ➤

## ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ စနစ်တကျရှိစေရေး MyRO တွင် မှတ်ပုံတင်မှုဆောင်ရွက်ပေး

pmrsuEfS- 26 ➤

## နိုင်ငံဖြတ်ကျော် စာရင်းဝင်ခြင်း (Cross Listing)

pmrsuEfS- 29 ➤




ကောမတ်စ်ပုံနှိပ်လုပ်ငန်း

အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:

Ph:09 43034879, 09 795679800



Premium Quality
PEP
ပက်(ပ်) . . . နို့
နို့ဆီ ၊ နို့စိမ်း
သုံးကြသည်
Your Daily Partner
PEP
Solution
ပက်(ပ်) . . . နို့ဆီ
Sweetened Beverage Creamer
Premium Quality
PEP
Solution
ပက်(ပ်) . . . နို့စိမ်း
Evaporated

# မြန်မာ-လာအို ချစ်ကြည်ရေး အရှိန်အဟုန်မြင့်လာမည့် ရွှေတြိဂံကုန်သွယ်ရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတား ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဦးဆောင်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့ ပါဝင်သော အဖွဲ့ဝင် ၂၁ ဦးနှင့် လာအိုနိုင်ငံဘက်မှ လောင်နမ်သာပြည်နယ် ဒုပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Sivillay PANKEO ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးတို့တက်ရောက်ခဲ့ကြသည်။

လူဝင်/လူထွက် သွားလာမှုနှင့် ကုန်စည်ကူးသန်းမှုအတွက် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအား ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး လာအိုနိုင်ငံဘက်မှ လာရောက်လည်ပတ်ကြသူများအား မြန်မာနိုင်ငံဘက်တွင် တာချီလိတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်များသို့သာ သွားရောက်ခွင့်ပြုထားကြောင်း၊ မြန်မာနိုင်ငံဘက်မှ သွားရောက်လည်ပတ်ကြသူများအား လာအိုနိုင်ငံဘက်တွင် လောင်နမ်သာပြည်နယ်၊ မောင်စင်မြို့၊ မောင်လောင်မြို့၊ ဘိုကီအိုခရိုင်၊ မောင်မီအန်မြို့နှင့် မောင်တောင်ဖောင်မြို့သို့ သွားရောက်ခွင့်ပြုထားကြောင်း သိရသည်။



လာအိုနိုင်ငံဘက်သို့ သွားရောက်လည်ပတ်သည့် မြန်မာနိုင်ငံသား တစ်ဦးလျှင်ကျပ် ၅၀၀ ဖြင့် Boder Pass (BP)အား ခွင့်ပြုရက် ၁၃ ညအိပ် ၁၄ ရက်ခွင့်ပြုပြီး ဖြတ်သန်းခမှာ တစ်ကြိမ်လျှင် ကျပ် ၃၀၀ ဖြစ်ကြောင်း၊ Temporary Boder Pass (TBP) အား တစ်ဦးလျှင် ကျပ် ၅၀၀ ဖြင့် ခွင့်ပြုရက် ခြောက်ညအိပ် ခုနစ်ရက် ခွင့်ပြုပြီး ဖြတ်သန်းခမှာ တစ်ကြိမ်လျှင် ကျပ် ၅၀၀ ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံမှ လာရောက်လည်ပတ်သူများအား Boder Pass တစ်ဦးလျှင် ကျပ် ၂၀၀ ဖြင့် ခွင့်ပြုရက် ၁၃ ညအိပ် ၁၄ ရက်ခွင့်ပြုပြီး Temporary Boder Pass (TBP)အား တစ်ဦးလျှင် ကျပ် ၂၀၀ ဖြင့် ခွင့်ပြုရက် ငါးညအိပ် ခြောက်ရက်ခွင့်ပြုသည်။ Passport (Visa)ဖြင့် သွားလာသူများအား သက်တမ်းရှိ (Visa) ခွင့်ပြုရက်အတိုင်းသာ ခွင့်ပြုပြီး Visa ရက် ကျော်လွန်ပါက တစ်ရက်လျှင် သုံးဒေါ်လာ ကောက်ခံသွားမည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် သတ်မှတ်ဇရိယာများအတွင်းသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်။

မြန်မာ-လာအို နယ်နိမိတ်ချင်းထိစပ်မှုမှာ ၁၄၇ ဒသမ ၆ မိုင်ရှိပြီး မဲခေါင်မြစ်ကို အသုံးပြု၍ လာအို၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ ရေကြောင်းဖြင့်လည်းကောင်း၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို အသုံးပြု၍ လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ကုန်းလမ်းဖြင့်လည်းကောင်း ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာ- လာအို နှစ်နိုင်ငံအကြား တိုက်ရိုက်ကုန်သွယ်မှုများသာမက တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုစနစ်(Transit Trade)ဖြင့် တရုတ်-ဗီယက်နမ်-ဂျပန် အစရှိသည့် အာရှ-ပစိဖိတ်နိုင်ငံများအထိ တင်ပို့နိုင်ရေး ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပင်လယ်ရေကြောင်းကို အသုံးပြု၍ ပစိဖိတ်သမုဒ္ဒရာမှတစ်ဆင့်မလက္ကာရေလက်ကြားကိုပတ်ကာ အိန္ဒိယသမုဒ္ဒရာသို့ ကုန်စည်ပို့ဆောင်ရာတွင် စစ်တွေ-ကျောက်ဖြူအထိ အနည်းဆုံး လဝက်ခန့် ကြာမြင့်မည်ဖြစ်ပြီး ကျိုင်းလပ်ကုန်သွယ်ရေးစခန်းအား အသုံးပြု၍ လာအိုနိုင်ငံမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Hai Phong ဆိပ်ကမ်းသို့ အခြေပြုပို့ဆောင်ပါက တစ်ပတ်ခန့်သာ ကြာမြင့်မည်ဖြစ်ရာ ကုန်သွယ်မှုမြန်ဆန်ချောမွေ့လာနိုင်မည်ဖြစ်သည်။

ချစ်ကြည်ရေးတံတားကြီး ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး သဘာဝရာသီဥတုအရ စိုက်ပျိုးရေး၊ မွေးမြူရေးဘက်စုံဆောင်ရွက်နိုင်သည့် ဒေသဖြစ်သဖြင့် ဒေသထွက်ကုန်များကို တင်ပို့နိုင်မည့် အားသာချက်ရရှိမည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**နယ်စခန်းများညှိနှိုင်းကွပ်ကဲရေးဌာနခွဲ**

# ပဲစင်းငုံ

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် ဇန်နဝါရီလမှစ၍ ပဲစင်းငုံများ ရိတ်သိမ်းထွက်ပေါ်နေပြီဖြစ်သည်။ ပဲစင်းငုံသီးနှံသည် အခြားသီးနှံများနှင့်မတူဘဲရှစ်လ၊ ကိုးလခန့် စိုက်ပျိုးရသော သက်တမ်းကြာမြင့်သော သီးနှံတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။ စိုက်ပျိုးမှုအနေဖြင့် မေလနှင့် ဇွန်လများတွင် အများဆုံးစိုက် ပျိုးကြပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းထွက်ပေါ်သည်။ နွားထိုးကြီးမြို့နယ်နှင့် အနီးဝန်းကျင်ဒေသများ၌ ပဲစင်းငုံသီးနှံကို နှမ်း၊ မြေပဲတို့နှင့် သီးညှပ်စိုက်ပျိုးမှုများသည်။ နွားထိုးကြီးမြို့နယ်အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပဲစင်းငုံစိုက်ပျိုးမှုအနေဖြင့် ၇၇၁၀၁ ဧကစိုက်ပျိုးခဲ့ပြီး လက်ရှိ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ၅၁၀၂၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရှိရသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈ သမ ၂၅ တင်းနှုန်းဖြင့် တင်းပေါင်း ၄၂၀၉၄၈ တင်း ထွက်ရှိပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ပဲစင်းငုံသီးနှံကို ၇၈၀၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၆ ဒသမ ၅၅ တင်းနှုန်းဖြင့် တင်းပေါင်း ၅၁၀၉၂၇ တင်း ထွက်ရှိခဲ့သည်။ စိုက်ပျိုးမှုအနေဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ် စိုက်ပျိုးမှုမှာ ဧက ၉၁၀ လျော့နည်းခဲ့သည်။ ယခုနှစ် စိုက်ပျိုးမှုတွင် အခြားစိုက်ပျိုးရက် သက်တမ်းတိုသည့် သီးနှံများ စိုက်ပျိုးမှုများသောကြောင့် စိုက်ပျိုးဧက လျော့နည်းရခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ် ပဲစင်းငုံများ စတင်ထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခုနှစ် ပဲစင်းငုံပေါ်ချိန်တွင် တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဝန်းကျင်ဖြင့် စတင်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ကျပ် ၅၃၀၀-၅၄၀၀ ဝန်းကျင်များရှိပြီး၊ မြို့ပေါ် ကုန်သည်များမှ ဝယ်ယူစုဆောင်း၍ မန္တလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင်လည်း ပဲစင်းငုံသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိသည် ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျောက်ဆည်မြို့နယ်တွင် ပဲစင်းငုံစိုက်ဧက ၈၆၇ဧက၊ မြစ်သားမြို့နယ်တွင် ၆၈၅ ဧက၊ စုစုပေါင်း ၁၅၅၂ဧက စိုက်ပျိုးထားရှိပြီး ယခုလက်ရှိအချိန်ထိ ၃၀၂ ဧက ရိတ်သိမ်းပြီးစီးကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကိုးတင်းအထိ ထွက်ရှိကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၏စာရင်းများအရ သိရသည် ။ ပဲစင်းငုံများ အောင်မြင်စွာ သီးပွင့်နေချိန်တွင် ပဲစင်းငုံဈေးနှုန်းမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဈေးနှုန်းများဖြင့်ရောင်းဝယ်လျှက်ရှိသည်။ ယခု ပဲစင်းငုံပေါ်ချိန်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၀၈၀၀၀ ဈေး နှုန်းများဖြင့်ရောင်းချရသဖြင့် ပေါ်ဦးပေါ်စ ပဲစင်းငုံစိုက် တောင်သူများဈေးကောင်းရရှိသဖြင့် အကျိုးအမြတ်များ ရရှိကြောင်း၊ ယခင်နှစ် ပဲစင်းငုံပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၅၇၀၀၀ သာ ရောင်းချခဲ့ရကြောင်း သိရသည်။ ပဲစင်းငုံသီးနှံ စားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများရှိသလို စိုက်ပျိုးစရိတ်သက်သာပြီး အကျိုးအမြတ်များ ပိုမိုရရှိသောကြောင့် ပဲစင်းငုံသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်သည်။

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်၊ ဘွဲ့ကျေးရွာအုပ်စုရှိ ဇီးတောကျေးရွာ၌ ပဲစင်းငုံသီးနှံကို သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး ယခုနှစ်တွင် အထွက်နှုန်းအနေဖြင့် ပိုမိုထွက်ရှိပြီး ဈေးကောင်းရရှိကာ ပဲစင်းငုံစိုက် တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း သိရသည်။

ဇီးတောကျေးရွာ၌ ပဲစင်းငုံစိုက်တောင်သူ ၅၀ ဦး ခန့်ရှိပြီး စိုက်ဧကမှာ ဧက ၁၀၀ ဝန်းကျင်ရှိကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ ခန့်သာ ကုန်ကျပြီး ယခုနှစ်တွင်မူ သွင်းအားစုစရိတ်မြင့်တက်လာ၍ ကျပ် ၁၅၀၀၀၀ ခန့်ကုန်ကျခဲ့ကြောင်း၊ ယခင်နှစ်က တစ်တင်းလျှင် ကျပ် ၅၅၀၀၀ သာရရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁၁၁၀၀၀ ထိ ရရှိခဲ့ကြောင်း၊ တစ်ရွာလုံးစုစုပေါင်း ပဲစင်းငုံဧက ဧက ၁၀၀ မှ ပဲစင်းငုံ တင်း ၃၀၀ ကျော်ထွက်ရှိခဲ့ကြောင်း၊ ထွက်ရှိသည့် ပဲစင်းငုံများကို အထက်မင်းလှမြို့ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် အထွက်နှုန်းအနေဖြင့် ပိုမိုထွက်ရှိပြီး ဈေးကောင်းလည်းရရှိသဖြင့် ပဲစင်းငုံစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ငမင်ကျေးရွာ၊ ဆိပ်ဖူးကျင်းကျေးရွာ၊

စာမျက်နှာ ၅ သို့

Commerce

J O U R N A L

**အတိုင်ပင်ခံစာတည်း**

သိန်းထွန်းဦး

ခင်သက်ထား

ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရီလင်းထွဋ်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်၊ မေသန္တာမိုး

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# အထက်မင်းလှမြို့၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်ဈေးနှုန်းများ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်သည် စိုက်ပျိုးရေးဒေသဖြစ်သော်လည်း စပါးစိုက်ဧကနည်းပြီး ဆန်မှာ အခြားတိုင်းဒေသကြီးများမှ ဝယ်ယူ တင်သွင်းရသောဒေသဖြစ်သည်။ မင်းလှမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၊ ရေဦးမြို့နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့၊ မင်းဘူးမြို့၊ စလင်းမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ ပုသိမ်မြို့၊ မြောင်းမြမြို့၊ မြန်အောင်မြို့၊ ကြံခင်းမြို့၊ ဟင်္သာတမြို့တို့မှ ဆန်အိတ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် အထက် မင်းလှမြို့၌ဖြစ်ပေါ်လျက်ရှိသော ဆန်ဈေးနှုန်းများမှာ ဧရာပဒေသာဆန် ရွှေပိုးအိမ် ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ စိန်ရတီ (စိမ်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ စိန်ရတီ (နီ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၁၈၀၀၀၊ စိန်ရတနာဧရာ ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀၊ စိန်ပုလဲဧရာ ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ကုန်းဇောင်း(အလွတ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၃၀၀၀၊ မနောသုခ ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၃၀၀၀၊ ပေါ်ဆန်း(ရွှေဘို) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၇၈၀၀၀၊ ဧရာပေါ်ဆန်း ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀၊ ရက်(၉၀) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၇၀၀၀၊ ဖယောင်းရွှေစင် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၂၀၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇန်နဝါရီလ တတိယပတ်နှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် စိန်ရတနာဧရာတစ်အိတ်လျှင် ကျပ် ၃၀၀၀ ဈေးမြင့်ခဲ့ပြီး စိန်ပုလဲဧရာတစ်အိတ်လျှင် ကျပ် ၅၀၀၀၊ မနောသုခတစ်အိတ်လျှင် ကျပ် ၁၅၀၀၊ ပေါ်ဆန်း(ရွှေဘို)တစ်အိတ်လျှင် ကျပ် ၃၀၀၀ အသီးသီး ဈေးနှုန်းလျော့ကျခဲ့ပြီး ကျန်ဆန်ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိကြောင်း အထက်မင်းလှမြို့၊ အမှတ်(၉) ရပ်ကွက်နေ ဆန်ရောင်းချသည့် ဆန်ကုန်သည်တစ်ဦးထံမှ သိရသည်။

**နှင်းလွင်ဦး**

# ပြည်တွင်းမြို့ကြီး(၂-၂-၂၀၂၄)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၂၁၀၀၀ | - | ၇၆၀၀၀ | - | | | ၁၂၀၀၀၀ | - |
| ပဲခူး | ၂၀၀၀၀ | - | ၇၇၀၀၀ | - | | | | |
| စစ်တွေ | ၁၇၉၀၀ | - | ၁၃၂၀၀၀ | - | ၂၄၀၀၀ | - | ၁၉၂၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၂၂၈၀၀ | - | ၈၃၀၀၀ | - | | | ၁၅၄၀၀၀ | - |
| မန္တလေး | ၂၂၀၀၀ | - | ၈၆၀၀၀ | - | | | ၁၅၀၀၀၀ | - |
| မကွေး | ၂၀၀၀၀ | - | ၉၅၀၀၀ | - | | | ၁၅၀၀၀၀ | - |
| မြိတ် | ၁၈၀၀၀ | ↓ | ၉၁၀၀၀ | ↑ | | | ၁၃၉၀၀၀ | ↑ |
| ဘားအံ | ၂၀၀၀၀ | - | ၇၀၀၀၀ | - | | | ၁၁၇၆၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပခုက္ကူမြို့ ဆန်ဈေးနှုန်းများ



ပခုက္ကူမြို့သည် စပါးစိုက်ဧကနည်းပြီး ဆန်လိုဒေသဖြစ်သောကြောင့် အခြားတိုင်းဒေသများနှင့် မြို့နယ်များမှ ဆန်တင်သွင်းရသောမြို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးများ ဖြစ်သော ပုသိမ်၊ မြောင်းမြမြို့များမှ ရေလမ်းကြောင်းမှ အများဆုံး ဝင်ရောက်ပြီး၊ ရွှေဘိုခရိုင်၊ ဆင်ဖြူကျွန်း၊ စလင်းဒေသများမှလည်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

ယခုအချိန်တွင် ပခုက္ကူဒေသ၌ ဆန်အသစ်များ ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီလ တတိယပတ်ထက် စတုတ္ထပတ်တွင် ဈေးနှုန်းမြင့်တက်လာသည်ကို တွေ့ရှိရသည်။ အများသုံးဆန်ဖြစ်သော မြောင်းမြဧရာပဒေသာ ဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ စလင်းမြို့နယ်၊ ရှောက်တောမှလာသော ဧရာပဒေသာဆန်(အသစ်) တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ ရှိသည်။ ညှော်မထဆန်မျိုးဖြစ်သော ချန်ဧရာ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ မနောဖြူ (အသစ်) တစ်အိတ်လျှင် ကျပ် ၁၂၂၀၀၀၊ နေလဆန် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ဝန်ကြီးပဒေသာဆန် တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ဧရာမင်းဆန်တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ မနောသုခ(အသစ်) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ချန်သုခ (အသစ်) တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ နေလ ဧရာပဒေသာ ဆန်(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ဖန်သီး(နှွေဆန်အသစ်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရွှေသမင်(နှွေဆန်အသစ်) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရတနာတိုး(အသစ်)တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဇီယာဆန်(အသစ်) တစ်အိတ်လျှင် ကျပ်၉၅၀၀၀ ဈေးဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကောက်ညှင်းဆန်(အသစ်) တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ဈေးမြင့်တက်နေကြောင်း သိရှိရသည်။

ပေါ်ဆန်းမွှေးမှာ ဒုတိယအများဆုံး စားသုံးသောဆန်ဖြစ်ပြီး မြောင်းမြဒေသမှ ဝင်ရောက်သလို ရွှေဘိုဒေသမှလည်းအများဆုံးဝင်ရောက်သည်။ ရွှေဘိုပေါ်ဆန်းမွှေးမှာ ပိုမိုအရည်အသွေးကောင်းမွန်ပြီး ယခုလ တတိယပတ်တွင် (ရှယ်)တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀-၁၆၅၀၀၀၊ အဟောင်း တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ မြောင်းမြပေါ်ဆန်းမှာ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုဖေဖော်ဝါရီလဆန်းပိုင်းထိ ဆန်ဈေးအတက်အကျမရှိဘဲဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်ထံမှ သိရသည်။

**စန်းမြင့်ရီ (ပခုက္ကူ)**

# ၂၀၂၃-၂၀၂၄ မွန်ပြည်နယ် မိုးစပါး(ညှော်မထ) စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

မွန်ပြည်နယ်သည် ဆန်စပါးဖူလုံမှုရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အတွက် မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟခြင်းကို လျှော့ချနိုင်ရန် မြို့နယ်များအလိုက်ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်လာစေရေး နှစ်စဉ်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍာအနေဖြင့် ယခုနှစ်မိုးရာသီတွင် မိုးစပါးကို ရည်မှန်းချက်ဧကအတိုင်း အကောင်အထည်ဖော် စိုက်ပျိုးနိုင်ခဲ့သည်။

မွန်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးစပါး(ညှော်မထ) စိုက်ပျိုးထွက်ရှိမှုမှာ စိုက်ဧက ၆၉၆၂၉၈ ဧက၊ ရိတ်ဧက ၆၇၂၉၆၈ ဧက၊ အထွက်တင်း ၄၄၁၆၅၃၈၅ ဧကထွက်ရှိပြီး ယခင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါး(ညှော်မထ) စိုက်ဧက ၆၈၇၈၂၈ ဧကနှင့် နှိုင်းယှဉ်ပါက ဧက ၈၄၇၀ ခန့် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ တစ်ဧက အကျိုးအမြတ်အနေဖြင့်လည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၀၃၅၀ ပိုမိုအကျိုးအမြတ်ရရှိသည်ကို တွေ့ရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ မိုးစပါး(ညှော်မထ) ဖူလုံမှုအခြေအနေမှာ အထွက်(တင်း) ၄၄၁၆၅၃၈၅ ထွက်ရှိပြီး ပြည်နယ်လူဦးရေ၏ စုစုပေါင်းသုံးစွဲမှုမှာ ၃၅၁၀၁၆၀၉ (တင်း) ခန့်ရှိပြီး ပြည်နယ်အတွင်း ထွက်ရှိမှု၏ ၉၀၆၃၇၇၆ (တင်း ) ခန့်ပိုလျှံမှုရှိသည်ကို တွေ့ရသည်။

**ဈေးနှုန်းဈေးကွက်အခြေအနေ**

ဇန်နဝါရီနောက်ဆုံးပတ်တွင် ပေါ်ဆန်း(စပါး)အသစ် (၄၆) ပေါင် တင်း၁၀၀ လျှင် ကျပ် ၂၉၇၀၀၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက စပါး(၄၆)ပေါင် ၁၀၀ တင်းလျှင် ကျပ် ၁၇၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက် လာသည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါကလည်း ကျပ် ၁၆၇၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။

ပေါ်ဆန်း(ဆန်)အသစ် ၂၄ ပြည် တစ်အိတ်လျှင် ၁၁၈၀၀၀ ကျပ် တစ်ပြည်လျှင် ကျပ် ၅၁၀၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ယခင်နှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပေါ်ဆန်းဆန် အသစ် ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၅၄၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၃၀၀ နှင့်နှိုင်းယှဉ်ပါကလည်း တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ နှင့် တစ်ပြည်လျှင် ကျပ် ၂၈၀၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

**ညှော်မထ**

ညှော်မထစပါးမှာ ဇန်နဝါရီလ စတုတ္ထပတ်တွင် ညှော်မထ(စပါး) အသစ် (၄၆)ပေါင် တင်း၁၀၀ လျှင် ကျပ် ၁၉၇၅၀၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စပါး(၄၆)ပေါင် တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀ခန့် ဈေးနှုန်းမြင့်တက်လာပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ကျပ် ၉၇၅၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။

ညှော်မထ(ဆန်)အသစ် ၂၄ပြည်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ တစ်ပြည်လျှင် ကျပ် ၃၃၀၀ နှင့်နှိုင်းယှဉ်ပါကလည်း တစ်အိတ်လျှင် ကျပ် ၇၀၀၀၊ တစ်ပြည်လျှင် ကျပ် ၃၀၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သော ညှော်မထ(ဆန်)အသစ် ၂၄ ပြည် တစ်အိတ်လျှင်ကျပ် ၃၉၀၀၀ တစ်ပြည်လျှင်ကျပ် ၁၇၀၀နှင့် နှိုင်းယှဉ်ပါကတစ်အိတ်လျှင်ကျပ် ၃၆၀၀၀ နှင့် တစ်ပြည်လျှင်ကျပ် ၁၆၀၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။

**စီးဝင်/စီးထွက်မှု**

မွန်ပြည်နယ်အတွင်းသို့ ဇန်နဝါရီလ တတိယပတ်အတွင်း ပေါ်ဆန်း(ဆန်) ဝင်ရောက်မှုမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၈၀၃၉ အိတ်၊ ၉၀၂တန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အိတ် ၁၃၂၇၇၀၊ ၆၃၉တန်၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၄၁၅ အိတ်၊ ၂၂၁တန်၊စုစုပေါင်း ၁၇၀၂ တန်ခန့် စီးဝင်လျက်ရှိပြီး ပြည်နယ်တွင်းမှစီးထွက်မှုမှာ ကရင်ပြည်နယ်သို့ ပေါ်ဆန်းဆန် တန် ၄၀၊ ကမာကြည်(ဆန်) ၂၇တန်၊ ညှော်မထဆန် ၃၁ တန်၊ စုစုပေါင်း ၉၇ တန်ခန့် စီးထွက်ခဲ့ကြောင်း ပြည်နယ်ဆန်ကုန်သည်အသင်းထံမှ သိရှိရသည်။

ယခုအချိန်တွင် တောင်သူများလက်ဝယ်တွင်(မိုးစပါး) အဟောင်းများ မရှိတော့ခြင်း၊ သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ မြင့်တက်လာခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည့်အတွက် သယ်ယူခ နှုန်းထားများ မြင့်တက်လာမှုကြောင့် စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(မွန်)**

# SEVEN STARS

## Shipping and General Services Co., Ltd.






Seven Star Shipping and General Service Co.,Ltd.
Building-A, Room-805, 8th Floor Mahar Nawarat Condo,
51st Street, Between Marchant Road & Mahar Bandula Road,
Botahtaung Tsp, Yangon.
Ph: + 959 426043656, +959 784597920
Email: 7star@7starship.com
Wabsite : http://www.7starship.com/online-application-form/
Fb: Seven Stars Shipping

# AQUAMARINE MOON CO.,LTD

## AIR-CON , REFRIGERATION SALE & SERVICE



雪人股份 SNOWMAN CO., LTD.  SFT  REFTECH REFRIGERATION

RefComp  Snowkey

Building No. 15, Bayint Naung Road, Shwe Pin Lon Housing,
North Dagon Township, Yangon, Myanmar
AIR - CON, REFRIGERATION SALE & SERVICE
Marketing Section : 09 5167150
Office Phone NO : 09 779876966
Email : aquamarinemoon303@gmail.com




DISTRIBUTED BY SUPER AK MANUFACTURING & TRADING CO.,LTD.



# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း အစီအစဉ်အရ မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ ပုလဲသန္တာဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာ့သဘာဝ ရော်ဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးပို့ချမည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြန်မာ့သဘာဝ ရော်ဘာ ရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာယုစိန်တို့က အမှာစကားအသီးသီး ပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်ကို နံနက် ၉ နာရီခွဲတွင် စတင်ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ Chinese Academy of Tropical Agricultural Sciences မှ အကြီးတန်း သုတေသနအရာရှိ Mr. Mo Ye Yong၊ ထိုင်းနိုင်ငံ ရော်ဘာအာဏာပိုင်အဖွဲ့ (Rubber Authority of Thailand-RAOT) မှ ရော်ဘာထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနဌာနအကြီးအကဲ Dr. Wittaya Prommee နှင့် စိုက်ပျိုးရေးသုတေသနရာရှိ Mr. Thongchai Khaeduang တို့က တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့နေမှု အခြေအနေများ၊ အရည်အသွေးမီ ရော်ဘာများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရော်ဘာ စံချိန်စံညွှန်းများပြည့်စုံမှု ရှိ၊ မရှိ၊ ရော်ဘာမျိုးထုတ်လုပ်ခြင်း၊ စနစ်တကျ ရော်ဘာ အစေးခြစ်ခြင်းစသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချပေးခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး အတွင်း စိုက်ပျိုးသည့် ရော်ဘာမျိုးများ၊ အပင်များတွင် ကျရောက်တတ်သည့် ရောဂါပိုးများ၊ ရော်ဘာအစေးရည် သိမ်းဆည်းမှု၊ သယ်ယူပို့ဆောင်မှု အခြေအနေများ စသည်တို့ကို အမေးအဖြေပြုလုပ်၍ ဆွေးနွေးပို့ချပေးခဲ့ပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်ကို ဖေဖော်ဝါရီ ၃ ရက်တွင် မြိတ်မြို့ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းများ၊ ရော်ဘာထုတ်လုပ်သည့် စက်ရုံ/အလုပ်ရုံများသို့ ကွင်းဆင်းလေ့လာရေး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

# ရက်သတ္တပတ်အတွင်း ပဲတန်ချိန် နှစ်သောင်းခြောက်ထောင်ကျော်တင်ပို့

မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဇန်နဝါရီလ စတုတ္ထပတ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၂၃ဒသမ၄၂၉ သန်းတန်ဖိုးရှိပဲတန်ချိန်ပေါင်း ၂၆၈၆၀ ခန့်တင်ပို့ခဲ့ကြောင်းသိရသည်။

**မတ်ပဲ**

မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အိန္ဒိယ၊ ပါကစ္စတန်၊ ယူအေအီးနိုင်ငံများသို့ အများဆုံးတင်ပို့ပြီး အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၉၈၀ ခန့်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၉၈၀ နီးပါး၊ ယူအေအီးနိုင်ငံများသို့တန်ချိန် ၅၅၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၀၀၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၃၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၂၀ ကျော်တင်ပို့ခဲ့ပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကိုလည်း တင်ပို့ခဲ့သည်။ မတ်ပဲတင်ပို့မှု တန်ချိန်စုစုပေါင်း ၁၃၂၄၀ ခန့်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၅၁ သန်းတန်ဖိုးရှိကြောင်းသိရသည်။

**ပဲတီစိမ်း**

ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ဒသမ ၀၈၃ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၇၉၀၀ ကျော် တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တန်ချိန် ၃၇၅၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀၀ နီးပါး၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့လျက်ရှိရာ တင်ပို့မှုတန်ချိန် စုစုပေါင်း ၇၉၀၀ ကျော် ရှိခဲ့သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၈၃ သန်းဖိုးဖြစ်သည်။ ပဲတီစိမ်းကို မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှလည်း ၁၀၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ပဲစင်းငုံကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၂၉ သန်းဖိုးနှင့် တန်ချိန် ၅၆၀၀ ကျော် တင်ပို့ခဲ့သည်။ သို့ဖြစ်၍ ဇန်နဝါရီ စတုတ္ထပတ်အတွင်း ပဲမျိုးစုံတင်ပို့မှုတန်ချိန် စုစုပေါင်း ၂၆၇၄၀ ကျော်ရှိခဲ့သည်။

**CJ**

# ပခုက္ကူ ကုန်စည်ဒိုင်၏ ပဲစင်းငုံ(နီ) ဈေးနှုန်းများ

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံ(နီ)ကို အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ ပဲစင်းငုံ (နီ)စိုက်ပျိုးရာ ဒေသများမှာ ပခုက္ကူမြို့နယ် ကန်တော်၊ ကံလှ၊ ဆယ်ရွာ၊ လယ်ယာနှင့် ချောက်ကန်အုပ်စုရှိ ကျေးရွာများဖြစ်သော အရှေ့ချောက်ကန်၊ အနောက်ချောက်ကန်၊ လက်ပံကန်၊ မန်ကျီးကိုးပင်၊ အင်ပင်ကျေးရွာများမှာ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။

ပခုက္ကူကုန်စည်ဒိုင်သည် ပခုက္ကူမြို့၏ စီးပွားရေးအချက်အချာကျသော နေရာဖြစ်သောကြောင့် မိမိမြို့နယ်တွင်သာမက အခြားဒေသများဖြစ်သော ဂန့်ဂေါခရိုင်အတွင်းရှိ နယ်များ၊ ချင်းပြည်နယ်အစပ်ရှိ နယ်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်း နယ်များဖြစ်သော ကျောက်ပန်းတောင်း၊ ညောင်ဦးနယ်ရှိ အောက်ညှဥ့်၊ အထက်ညှဥ့်၊ သူကောင်းတည်၊ ပုလင်း၊ ငါ့သရောက်၊ လက်ပံခြေပေါ်များမှ ပဲစင်းငုံ(နီ)များ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇန်နဝါရီလ ပထမပတ်တွင် ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၁၀၄၈၀၀၊ ဇန်နဝါရီ ဒုတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၉၆၀၀၊ ဇန်နဝါရီ တတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၉၂၀၀ မှ ၁၁၂၀၀၀ ဖြစ်ခဲ့ပြီး ဇန်နဝါရီ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၂၂၀၀၀ မှ ၁၂၂၈၀၀ ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလဆန်းပိုင်းထိ ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင် ဇန်နဝါရီ တတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဥ်ရမည်ဆိုလျှင် တစ်တင်း ကျပ် ၆၀၀၀ ဈေးတက်၍ အရောင်းအဝယ်ဖြစ်ကြောင်းကုန်စည်ဒိုင် ကုန်သည်များထံမှ သိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဘုရင့်နောင် ကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးနှုန်းများမှာ ကုလားပဲဖြူလုံး တစ်ပိဿာလျှင် ၄၉၁၅ ကျပ်မှ ၅၀၈၅ ကျပ်ထိလည်းကောင်း၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာလျှင် ၅၁၆၅ ကျပ်မှ ၅၂၅၀ ထိလည်းကောင်း၊ စားတော်ပဲလုံး တစ်ပိဿာလျှင် ၆၁၆၅ ကျပ်မှ ၆၆၇၀ ကျပ်ထိ လည်းကောင်း၊ ပဲတီစိမ်း ပခုက္ကူ(သစ်) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ မှ ၃၁၇၅ ကျပ်ထိလည်းကောင်း၊ ပဲတီစိမ်း ခရမ်းရွှေဝါ(ထိပ်စ) တစ်ပိဿာလျှင် ၃၉၁၅ ကျပ်ဖြင့်လည်းကောင်း၊ ပဲတီစိမ်း ပဲခူး ရွှေဝါ တစ်ပိဿာလျှင် ကျပ် ၃၇၅၀ ဖြင့်လည်းကောင်း၊ ပဲတီစိမ်း ဝါးခယ်မ တစ်ပိဿာလျှင် ကျပ် ၃၀၈၀ မှ ၃၄၂၀ ထိလည်းကောင်း၊ ပဲယင်းနီ တစ်ပိဿာလျှင် ကျပ် ၃၅၈၀ ဖြင့် လည်းကောင်း၊ ပဲလွန်းဖြူ မြစ်ဝကျွန်းပေါ် (သစ်) တစ်ပိဿာလျှင် ကျပ် ၃၅၈၀ မှ ၃၆၃၅ ထိလည်းကောင်း၊ ပဲလွန်းနီ မြစ်ဝကျွန်းပေါ် တစ်ပိဿာလျှင် ကျပ် ၄၂၅၀ မှ ၄၃၃၅ ထိလည်းကောင်း၊ ဗိုလ်ကိတ်ပဲ တစ်ပိဿာလျှင် ကျပ် ၃၈၃၀ မှ ၃၉၂၀ ထိ လည်းကောင်း၊ မတ်ပဲ RAW တစ်ပိဿာလျှင် ကျပ် ၅၁၃၀ မှ ၅၁၇၀ ကျပ်ထိလည်း ကောင်း၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၆၃၅၀ မှ ကျပ် ၆၆၀၀ ထိလည်းကောင်း ပဲကြီး(ကုန်း) တစ်ပိဿာလျှင် ၅၈၂၅ ကျပ်မှ ၅၉၁၅ ထိလည်းကောင်း၊ ပဲကြီး(ရွှေကျွန်း) တစ်ပိဿာလျှင် ကျပ် ၆၉၀၀ မှ ကျပ် ၇၀၈၀ ထိလည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့ပြီး မတ်ပဲ (RAW) မှာ မြင့်တက်လာပြီး အခြားပဲများမှာ ဈေးအနည်းငယ်စီသာ အတက်အကျဖြစ်လျက်ရှိကြောင်း သိရသည်။

**နှင်းနွယ် (DOCA YGN)**

# ကရင်ပြည်နယ်ဒေသထွက် မြေပဲအစိုများ မြဝတီဘက်သို့တင်ပို့၊ တောင်သူများ အကျိုးအမြတ်များရရှိ

ကရင်ပြည်နယ်တွင် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စိုက်ပျိုးသည့်မိုးမြေပဲများ ဒီဇင်ဘာလနှောင်းပိုင်းမှ စတင်ထွက်ရှိကာ ဘားအံမြို့နယ်အတွင်းရှိ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်ပွဲရုံများသို့ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီလ စတုတ္ထပတ်တွင် မြေပဲအစိုတစ်တင်းလျှင် ပျမ်းမျှ ကျပ် ၃၀၀၀၀ ဈေးနှုန်းဖြင့် ဝယ်ယူရောင်းဝယ်လျက်ရှိကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးသော မိုးမြေပဲမှာ တစ်ဧက ပျမ်းမျှအထွက် ၃၅ တင်းထွက်ရှိပြီး တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျပ် ၆၀၀၀၀၀ ခန့်ရှိသဖြင့် တစ်ဧက အကျိုးအမြတ်မှာ ကျပ် ၄၀၀၀၀၀ ခန့်ရရှိသောကြောင့် ယခုနှစ်တွင် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်းနှင့် အဆိုပါ မြေပဲများအား ဘားအံမှတစ်ဆင့် မြဝတီ၊ ထိုင်းသို့လည်းကောင်း၊ ဘားအံမှ မော်လမြိုင်သို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

သီးနှံပြက္ခဒိန်အရ ကရင်ပြည်နယ်တွင် မိုးမြေပဲများကို ဇွန်လနှင့် ဩဂုတ်လများတွင် စိုက်ပျိုးကြပြီး စာရင်းဇယားများအရ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စိုက်ဧက ၄၇၈၆ ဧက၊ ရိတ်ဧက ၄၇၈၆ ဧက၊ တစ်ဧကအထွက်တင်း ၃၅ တင်းဖြစ်ကြောင်းနှင့် ပြည်နယ်ချုပ် အထွက်နှုန်းမှာ စုစုပေါင်း ၂၀၇၅၁ တင်းဖြစ်ကြောင်း သိရသည်။

**ZAR (DOCA-Kayin)**

**စာမျက်နှာ ၃ မှအဆက်**

ညောင်ကုန်းကျေးရွာ၊ အင်းရွာကြီးကျေးရွာတို့တွင် ပဲစင်းငုံများစိုက်ပျိုးလျက်ရှိပြီး တောင်တွင်း ကြီးမြို့ရှိ ကုန်သည်များထံသို့ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြစ်၍ ကာလတူ နှိုင်းယှဥ်ပါက ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဈေးတက်ကာ အရောင်းအဝယ်ဖြစ်၍ ယခင်နှစ်ထက် ယခုနှစ်တွင် တစ်ဆပို၍ ဈေးကောင်းပိုမိုရရှိသဖြင့် ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဌေးဌေး၊ သန်းအေး၊ မော်မော်အောင်၊ နှင်းလွင်ဦး**

# ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု အခြေအနေ

အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်ဖြူတင်ပို့မှုကို တားမြစ်ထား၍ ထိုင်းနိုင်ငံဆန်ဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အမြင့်ပိုင်းတွင် ဆက်လက်ရှိနေမည်ဟု ဒေသခံကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များက သုံးသပ်လျက်ရှိသည်။

ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ဝန်းကျင်တွင်ရှိနေနိုင်ပြီး အဆိုပါပမာဏသည် နိုင်ငံအမြောက်အမြားမှ ဆန်ဝယ်လိုအားများကြောင့် ဆယ်စုနှစ် တစ်စုအတွင်း အမြင့်ဆုံးအခြေအနေဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အာရှတိုက် ၏ အဓိကဆန်တင်ပို့သည့် နိုင်ငံများဖြစ်ကြသည်။ အင်ဒို နီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ဆန်ဆက်လက်တင်သွင်းသွားမည်ဖြစ်ပြီး ၂၀၂၃ နှစ်ထက် ပမာဏနည်းပါးစွာ တင်သွင်းနိုင်သော်လည်း တန်ချိန် လေးသန်းခန့် ပမာဏကို ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ပါကစ္စတန်နှင့် နိုင်ငံအမြောက်အမြားမှ ဝယ်ယူသွားမည်ဟု သိရသည်။

၂၀၂၃ နှစ်၏ ထိုင်းနိုင်ငံ ဆန်တင်ပို့မှုပမာဏမှာ စုစုပေါင်း တန်ချိန် ၈ ဒသမ၈ မှ ၈ဒသမ၉ သန်း ရှိခဲ့ပြီး ခန့်မှန်းတန်ချိန် ၈ ဒသမ၅ သန်းကို ကျော်လွန်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဂျပန်တို့ကဲ့သို့သော အာရှ တိုက်၏ အဓိကဆန်တင်သွင်းသည့် နိုင်ငံများ၏ ဝယ်လိုအားများကြောင့် ဆန်တင်ပို့သူ လုပ်ငန်းရှင်များမှာ ပမာဏများပြားသည့် ဆန်များ ထပ်မံတင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းရကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအဖွဲ့အစည်းက ခန့်မှန်းထားသည်။

အာဖရိကတိုက်၊ အရှေ့အလယ်ပိုင်းဒေသနှင့် အမေရိကတိုက်များမှ အဓိကဈေးကွက်ရှိရာ နိုင်ငံများတွင်လည်း ၂၀၂၄ ခုနှစ် ပထမ သုံးလပတ်ကာလအတွက် အရန်ဆန်သိုလှောင်ထားရှိရန်နှင့် ထိုနိုင်ငံများတွင် ဆန်ထုတ်လုပ်မှုလျော့ချခြင်းတို့ကို ပြန်လည်အစားထိုးရန်အတွက် ဆန်ဖြူ ကောက်ညှင်းဆန်နှင့် ဆန်မွှေးဝယ်လိုအား မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **Source : Bangkok Post**

**မြသူ (DOCA YGN)**

# တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များ တင်ပို့မှု စံချိန်တင်မြင့်တက်

ပြည်ပဈေးကွက်များတွင် တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ် (NEV) များ တစ်ရှိန်ထိုးနာမည်ကျော်ကြားလာမှုကြောင့် တရုတ်နိုင်ငံ၏မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် (NEV) ၁ဒသမ၂ သန်း တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်ကထက် ၇၇ ဒသမ၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူအသင်း အဆိုအရ သိရသည်။ ၎င်းပမာဏသည် လွန်ခဲ့သည့်နှစ် တရုတ်နိုင်ငံမော်တော်ကားတင်ပို့မှု၏ ၂၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ တရုတ်ကားကုမ္ပဏီ BYD သည် ၂၀၂၃ ခုနှစ် စတုတ္ထ သုံးလပတ်ကာလတွင် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ရောင်းချမှု၌ ကမ္ဘာ့ထိပ်တန်းဦးဆောင်သူ ဖြစ်လာသည်။ တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူအသင်း၏ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် ချန်ရှိဟောင်က တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် NEV ၅ဒသမ၅ သန်း တင်ပို့နိုင်ရန် မျှော်လင့်ထားပြီး ဘယ်လ်ဂျီယံ၊ ထိုင်းနှင့် ဗြိတိန်တို့သည် တရုတ်နိုင်ငံ၏ ထိပ်ဆုံး ပြည်ပဈေးကွက် သုံးနိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လောင်စာစွမ်းအင်သုံး မော်တော်ယာဉ်တင်ပို့မှုမှာ အဓိကနေရာတွင် တည်ရှိနေသော်လည်း NEV တင်ပို့မှုသည် တရုတ်နိုင်ငံ မော်တော်ကားတင်ပို့မှုကြီးထွားလာရန်အတွက် အဓိက တွန်းအားအဖြစ် တည်ရှိနေကြောင်း ပြောကြားခဲ့သည်။ **Source : Bangkok Post**

**မြသူ (DOCA YGN)**

# ပျော်ဘွယ်မြို့နယ်၏ ဆံပင်လုပ်ငန်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပျော်ဘွယ်မြို့နယ်အတွင်းရှိ တောင်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအပြင် မိသားစု အပိုဝင်ငွေရရှိသော ဆံပင်လုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ ဆံပင်လုပ်ငန်းကို ၁၉၉၇ ခုနှစ်ဝန်းကျင်ကတည်းက ပျော်ဘွယ်၊ သာစည်နယ်တစ်ဝိုက်တွင် စတင်ခဲ့သည်ဟု ဒေသခံများထံမှ သိရှိရသည်။ သို့သော်လုပ်ငန်းမှာ ဖွံ့ဖြိုးမှုမရှိခဲ့ဘဲ ၂၀၀၇ ခုနှစ်ခန့်လောက်တွင်မှစတင်၍ ဆံပင်ရုံများ၊ ဆံပင်ဒိုင်များ ပေါ်ပေါက်လာပြီး ဖွံ့ဖြိုးလာရာ ယနေ့အထိပင်ဖြစ်သည်။

ယခုအချိန်တွင် ဆံပင်လုပ်ငန်းမှာ ပျော်ဘွယ်မြို့နယ်အပြင်၊ ရမည်းသင်း၊ မိတ္ထီလာ၊ သာစည်မြို့နယ်များအထိပါ တစ်ဟုန်ထိုးများလာပြီး တွင်ကျယ်စွာလုပ်ကိုင်လာကြ သည်။ ပျော်ဘွယ်မြို့နယ်မှ လုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ ဆံပင်လုပ်ငန်းနှင့် ပျော်ဘွယ်သည် ခွဲခြား၍မရအောင် အတူရှိနေသည်ဟု ဆိုရလောက်အောင်အထိပင်ဖြစ်ကြောင်း သိရသည်။

ကျေးရွာများရှိ ဆံပင်လုပ်ငန်း လုပ်ကိုင်သူများသည် ကုန်ကြမ်းကို ပျော်ဘွယ်မြို့နှင့် ကျီးနီကျေးရွာ ဆံပင်ဒိုင်များမှ တစ်ပိဿာလျှင် ကျပ်လေးသိန်းခွဲဈေးဖြင့် ဝယ်ယူရပြီး ရရှိလာသော ကုန်ကြမ်းများကို အဆင့် ငါးဆင့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရသည်။ (၁) ဆံရှင်းခြင်း၊ (၂) ခုံဆွဲခြင်း၊ (၃) အတိုအရှည်ရွေး ထုတ်ခြင်း၊ (၄) ခေါင်းညှိခြင်း၊ (၅) ခုံအချောဆွဲခြင်း စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ပြီးမှ ကုန်ချော ထွက်ရှိလာသည်။

ဆံပင်ရှင်းခြင်းအဆင့်တွင် အထွေးလိုက်ဖြစ်နေသည့် ဆံပင်များကို ဒေသအခေါ် ပေါင်းဆေး၊ ချွတ်ဆေးများနှင့် ၄၅ မိနစ်မှ တစ်နာရီခန့်အကြာစိမ်ထားပြီး အပ်များကို အသုံးပြုကာ တစ်မျှင်ချင်းစီဆွဲ၍ ဖွရသည်။ ခုံဆွဲခြင်းအဆင့်တွင် ဖွရာမှရရှိလာသောဆံပင်များကို သံချောင်းအပ်များကို အသုံးပြု၍ ဆံပင်ဖြီးသည့် ဘီးကဲ့သို့ဖြစ်အောင်ထောင်၍ ပြုလုပ်ထားသည့် ခုံဟုခေါ်သော စင်ပေါ်တွင် ခုံဆွဲခြင်းလုပ်ငန်းကို ပြုလုပ်ရသည်။ ခုံဆွဲ၍ရလာသည့် အတိုအရှည်မညီသော ဆံပင်စည်းများကို ၁၀ လက်မမှ ၃၀ လက်မအထိ (၂) လက်မစီခြား၍ အတိုအရှည်ခွဲခြားရသည်။ ခွဲခြားရရှိလာသော ဆံပင်များကို အရွယ်အစားအလိုက် ညီညာအောင် ခေါင်းညှိခြင်း ပြုလုပ်ရသည်။ ခေါင်းညှိပြီး ဆံပင်များကို နောက်ဆုံးအဆင့် ခုံအချောဆွဲခြင်း ပြုလုပ်ပြီးလျှင် ကုန်ချောအဖြစ်ရောက်ရှိပြီး လုပ်ဆောင်မှု အဆင့်ပြီးဆုံးပြီဖြစ်ကြောင်း သိရှိရသည်။

ထွက်ရှိလာသော ကုန်ချောဆံပင်များကို ကုန်ကြမ်းဝယ်ယူခဲ့သည့် ဆံပင်ဒိုင်များထံတွင် ပြန်လည်ရောင်းချကြကြောင်း၊ လက်မ ၃၀ ရှိ ဆံပင် တစ်ပိဿာလျှင် ကျပ် ၂၇ သိန်း၊ ၁၀ လက်မဆိုဒ် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၀ စသည်ဖြင့် လက်မအတိုအရှည်ပေါ် မူတည်ပြီး ဈေးနှုန်းပြောင်းလဲသွားကြောင်း သိရသည်။ အကျိုးအမြတ်အနေဖြင့် ကုန်ကြမ်း တစ်ပိဿာကျပ် ၄၀၀၀၀၀ ဖြင့် ဝယ်ယူရသော ဆံပင်တစ်ထုပ်ရှင်းလျှင် ပျမ်းမျှအမြတ် ကျပ် ၆၀၀၀၀၀ သိန်းအထိ အမြတ်ရ ကြောင်း၊ ဆံပင်အရှည်ထွက်ရှိမှုပေါ် မူတည်ပြီး အကျိုးအမြတ်ရရှိမှုပြီး ဆံပင်ကောင်းလျှင် ကောင်းသလို အကျိုးအမြတ်များရရှိသည်။

ဆံပင်လုပ်ငန်းသည် လက်ရှိမိသားစုဘဝများ အဆင်ပြေနေရုံသာမက အနာဂတ်အတွက် မိသားစုများ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးစီးပွား ဖြစ်ထွန်းနိုင်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

**စန်းအောင် (မိတ္ထီလာ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂.၂.၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT. BAUHINIA | P.Oil (In Bulk) ၅၀၀၀ တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | IAL-001 | ကုန်သေတ္တာ ၄၄၀ တင် ၇၆၀ ချဆဲ |
| | MATHI BHUM | ကုန်သေတ္တာ ၆၃၀တင် ၆၇၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၂) | TCI ARJUN | ကုန်သေတ္တာ ၃၄၀ တင် (ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | BL PL BLESSING | ကုန်သေတ္တာ ၄၃၀ တင် ၄၅၁ ချဆဲ |
| | SITC HUIMING | ကုန်သေတ္တာ ၅၅၄တင် ဂ၃ဂ ချဆဲ(လုပ်ဆောင်ရန်စောင့်စားဆဲ) |
| | MSC FORTUNE | ကုန်သေတ္တာ ၃၃၃ တင် ၅ဂဂ ချဆဲ |
| | SINAR BANDUNG | ကုန်သေတ္တာ ဂ၃၇တင် ၆၀၇ ချဆဲ |
| | BL PL FAITH | ကုန်သေတ္တာ ၃၂၀ တင် ၂၂၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | ATLANTIC TSUBAKI | ပြောင်းဝါ တန်ချိန် ၂၇၀၆၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | SS-1 | ပြောင်းဝါ တန်ချိန် ၁၆၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | TAI BINH-12 | ပြောင်းဝါ တန်ချိန် ၂၁ဂ၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | Ti2 APPLE | ကုန်သေတ္တာ ၃၀၉ တင်၁ဂ၉ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | SINAR BAJO | ကုန်သေတ္တာဂ၃၇ တင် ၆၂၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | HANSA HARBURG | ကုန်သေတ္တာ ၄၉၀ တင် ၆၇၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | BARILOCHE | ဆန်(Top Up)တန်ချိန်၁၄၄၀၇တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | IVONE | ဆန်တန်ချိန် ၂၄၇၅၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | VTC PHOENIX | ဆန်တန်ချိန် ၁ဂ၀၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | GLOBE EXPLORER | ဆန်တန်ချိန် ၂၁၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | HANSA HARBURG | ကုန်သေတ္တာ ၁ဂ၆ တင် ၄၀၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | MAPLE FORTITUDE | Steel &Equipment ၂၁၀၉၆ ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | BBC ONYX | (6)Units Rail Cars,218 ချရန်(ပူးတွဲလုပ်ဆောင်) |
| MIPL ဆိပ်ကမ်း | PIONEER IRENE | ပြောင်းဝါ တန်ချိန်၁၀၅၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT.NEW SENA | P'Oil(In Bulk) တန်ချိန်၁၁ဂ၀၀တန်ချဆဲ |
| | PHUONG NAM-1 | Corn တန်ချိန် ၆၀၀၀တန်တင်ဆဲ |
| | HS GLORY | ဆန်တန်ချိန် ၁၅၀၀၀တန်တင်ဆဲ( ပူးတွဲလုပ်ဆောင်) |
| သီလဝါဘက်စုံသုံး ဆိပ်ကမ်းအမှတ်(၁) | VINASHIP GOLD | ပြောင်းဝါ (Top Up)တန်ချိန် ၄၀၄၅ တင်ဆဲ |
| M.H.Mဆိပ်ကမ်း | MCL-17 | ပြောင်းဝါ တန်ချိန်၂၇၀၀ တန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THAI BINH-12 | ပြောင်း ၂၁၀၀၀ တန်တင်ရန် | THAILAND | ၂.၂.၂၀၂၄ |
| HS GLORY | ဆန်တန်ချိန် ၁၅၀၀၀ တန်တင်ရန | THAILAND | ၃.၂.၂၀၂၄ |
| BBC ONYX | (6)Units Rail Cars, 195 ချရန် | SPAIN | ၄.၂.၂၀၂၄ |
| PIONEER IRENE | ပြောင်းဝါ ၁၀၅၀၀ တန်တင်ရန် | THAILAND | ၅.၂.၂၀၂၄ |
| EVER VANTAGE | ပြောင်းဝါ ၁၁၃၀၀ တန်တင်ရန် | PHILLIPPINES | ၅.၂.၂၀၂၄ |
| GARNET | Urea ၂ဂဂ၀၀ တန်ချရန် | OMAN | ၅.၂.၂၀၂၄ |
| DRAGON | Urea ၂၁၆၇၅ တန်ချရန် | OMAN | ၅.၂.၂၀၂၄ |
| ALAHAS | Urea တန်ချိန် ဂ၀၀၀ တန်ချရန် | MALAYSIA | ၆.၂.၂၀၂၄ |
| THERESAGRACE | ဂျုံတန်ချိန် ၁ဂ၀၀၀ တန်ချရန် | USA | ၇.၂.၂၀၂၄ |
| BRIGHT ELEGANCE | Urea ၂၄၉၉ဂ တန်ချရန် | OMAN | ၇.၂.၂၀၂၄ |
| HONG LINH-1 | ပြောင်း ၁၂၃၀၀ တန်တင်ရန | THAI | ၂.၂.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SITC HUMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၂၄ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁.၂၀၂၄ |
| MAERSK SONGKHLA | SINGAPORE | သီလဝါဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| T12 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| SOL RELIANCE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၂.၂၀၂၄ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၂.၂၀၂၄ |
| ST MARY | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၂.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၂.၂၀၂၄ |
| TORRES STRAIT | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၇.၂.၂၀၂၄ |
| SITC QIUMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၂.၂၀၂၄ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ဂ.၂.၂၀၂၄ |
| PADIAN 4 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ဂ.၂.၂၀၂၄ |
| KOTA RAJIN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၂.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၂.၂၀၂၄ |
| SINAR BAJO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၂.၂၀၂၄ |
| ASIAN ACE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၂.၂၀၂၄ |
| SAN GIORGIO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၂.၂၀၂၄ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၂.၂၀၂၄ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၂.၂၀၂၄ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၂.၂၀၂၄ |
| SITC YUANMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၂.၂၀၂၄ |

## ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၀၂) ဆန်စက်ဝင်းရှိ ပိုလန်-၃ (အလျား-၈၀'x အနံ-၃၇'x အမြင့်-၁၂') (မီးခံအုတ်ကြွပ်၊ အုတ်၊ ကွန်) သိုလှောင်ရုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်း တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါ သိုလှောင်ရုံအား (၇.၂.၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြု လျှောက်လွှာ ဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်းဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် စပေါ်ငွေ ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံ အကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြု လျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၂၅၀၄၃၁ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် နနွင်းများ စတင်တူးဖော်နေပြီး ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နနွင်းများ စတင်ထွက်ပေါ်နေပြီး ယခင်နှစ် ထက်ဈေးပိုရနေကြောင်း နနွင်း စိုက်တောင်သူများထံမှ သိရသည်။ ကျောက်ဆည်ခရိုင်တွင် နနွင်းစိုက်ဧကပေါင်း ၂၃၅၈ ဧကရှိ၍ နနွင်းများကို နွေရာသီ ဆည်ရေရရှိချိန်တွင် စတင်စိုက်ပျိုးပြီး မြစ်သားမြို့နယ်တွင် ရွာခိုင်ကြီး၊ လွန်ကျော်၊ မဿဲ၊ စမြောင်၊ ပေတော၊ ဒါးဝယ်အင်း ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၁၂ သိန်းမှ ၁၅ သိန်းခန့်ထိ ကုန်ကျ၍ မြေအမျိုးအစားလိုက် သွင်းအားစုအပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

တစ်ဧကအထွက်နှုန်းမှာ နနွင်းအစို ၂၅ တင်းဆံ့ လှည်းရှစ်စီးမှ ၁၀ စီးအထိထွက်ရှိ၍ တင်း ၂၀၀ မှ ၂၅၀ ရကြောင်း၊ နနွင်းတက် လှည်းတစ်စီးကို အခြောက်ခံလျှင် နနွင်းအခြောက် ပိဿာချိန် ၇၀ ထွက်ရှိ၍ တစ်ဧကလျှင် အခြောက်ပိဿာချိန် ၅၆၀ မှ ၇၀၀ ထိရကြောင်း၊ မြေဆီနှင့် မြေသြဇာထည့်မှုအပေါ်တွင်မူတည်၍ အထွက်နှုန်း ကွာခြားကြောင်း၊ ပွဲစားများမှ နနွင်းအစို လှည်းတစ်စီးလျှင် ကျပ် ၃၂၀၀၀၀၊ နနွင်းခြောက် ပိဿာချိန် တစ်ရာလျှင် ကျပ် ၆၅၀၀၀၀ ပေး၍ ဝယ်ယူနေကြောင်း၊ ကျောက်ဆည်၊ ကူမဲ၊ မြစ်သားပွဲရုံများနှင့် မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့မှုရှိကြောင်း မြစ်သားမြို့နယ် ပေတောကျေးရွာ နနွင်းစိုက်တောင်သူထံမှ သိရသည်။

ယခင်နှစ်က နနွင်းအစို ၂၅ တင်းဆံ့ လှည်းတစ်စီးလျှင် ကျပ် ၂၀၀၀၀၀ သာရရှိကာ ယခု နှစ်တွင် ကျပ် ၃၂၀၀၀၀ ထိရရှိပြီး နနွင်းခြောက်ပိဿာချိန် ၁၀၀ လျှင် ယခင်နှစ် ကျပ် ၄၀၀၀၀၀ ရရှိပြီး ယခုနှစ် တွင် ကျပ် ၆၅၀၀၀၀ ထိရရှိကြောင်း၊ ယခုနှစ်တွင် ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ် ရရှိကြောင်း ၊နနွင်းသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းသည့် သီးနှံဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း နနွင်းစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**မြင့်မြင့်လှိုင်**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၉.၁.၂၀၂၄)ရက်နေ့မှ (၄.၂.၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 964 |
| ငွေလဲနှုန်း | 2963 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,570,415 | 5.83 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 28,563,320 | 46.64 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 101,220,000 | 165.29 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,333,450 | 15.24 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 40,488,000 | 66.11 |
| ၁၂ | ကုန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 33,333,394 | 54.43 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 34250000 | 55.93 |
| | **အထွေထွေစရိတ်ပေါင်း** | | **320,717,469** | **523.71** |
| ၁၆ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,856,332,000** | **4,664.24** |
| | **စရိတ်စုစုပေါင်း** | | **3,177,049,469** | **5,187.95** |

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၃၁-၁-၂၀၂၄ မှ ၆-၂-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 565 - 575 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 610 - 615 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 600 - 610 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 590 - 600 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 600 - 610 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 590 - 600 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 580 - 590 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 575 - 580 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 575 - 580 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 650 - 660 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 645 - 650 | |
| 24 | A-1 , 2 (Sortexed) | 445 - 455 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 410 - 420 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၂-၂၀၂၄)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၉၇၅ | ၆၁၀၀ | ↑ |
| ပဲခူး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၅၀၀၀ | ၁၅၀၀၀ | - | ၅၇၀၀ | ၅၈၀၀ | ↑ |
| မကွေး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၆၀၀၀ | ၆၀၀၀ | - |
| ပြည် | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၅၇၀၀ | ၆၀၀၀ | ↑ |
| စစ်တွေ | ၂၂၀၀၀ | ၂၂၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၄၅၀၀ | ၁၄၀၀၀ | ↓ | ၅၇၀၀ | ၅၇၀၀ | - |
| မြိတ် | ၁၆၀၀၀ | ၁၆၀၀၀ | - | | | | | | |

# ငှက်ပျောလျှော်မှ ထုတ်လုပ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်များ




**စန္ဒာစိုးလွင်**

ငှက်ပျောပင်သည် မြန်မာနိုင်ငံတွင် အနှံ့အပြား ပေါက်ရောက်သည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံ အပါအဝင်ဖြစ်သော အာရှတိုက်တောင်ပိုင်းဒေသသည် ငှက်ပျောပင်၏ မူလပေါက်ရောက်ရာဒေသများဖြစ်သည်။ ငှက်ပျောပင်တစ်ပင်မှ ငှက်ပျောတစ်ခိုင်သာထွက်၍ အခိုင်ကိုခုတ်ယူပြီးနောက် အပင်မကြီးကို ခုတ်ပစ်ရသည်။ ပင်စည်ရင်းမှ အတက်ငယ်များ ဖြာလာ၍ ထိုသားတက်ခေါ် ငှက်ပျောခေါင်းများကို ပင်မမှခွဲထုတ်၍ စိုက်ပျိုးလေ့ရှိကြသည်။

ငှက်ပျောပင်သည် အပင် ၁၂ လမှ ၁၈ လအထိရှိမှ အသီးများထွက်လာသည်။ ငှက်ပျောပင်မှ အသီးမသီးမီ ဖူးတံတစ်ခု စတင်ထွက်ပေါ်လာပြီး ထိုငှက်ပျောဖူးတံတွင် ငှက်ပျောသီးလေးများသည် အပွင့်အဖတ်များဖြင့် အထပ်ထပ် ဖုံးအုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ရှေး ဦးစွာထွက်လာသော အပွင့်များသာ အောင်မြင်ပြီးလျှင် အသီးများဖြစ်လာသည်။ နောက်မှထွက်သည့် အပွင့်အခိုင်များမှာ ကြာလျှင်ရိရော်၍ ပျက်စီးသွားလေသည်။ ငှက်ပျောမျိုးကို လိုက်၍ ငှက်ပျောတစ်ခိုင်လျှင် အဖီးအနည်းအများပါရှိသည်။ စံမီငှက်ပျောတစ်ခိုင်လျှင် အဖီးကိုးဖီးမျှ ပါ၍ တစ်ဖီးလျှင် အသီး ၁၀ လုံးမှ ၁၅ လုံးအထိ ရှိတတ်သည်။ ငှက်ပျောသီးတွင် ရေဓာတ် ၇၅ ရာခိုင်နှုန်းပါဝင်သည်။

အသီးတွင်ပါရှိသော ကစီဓာတ်သည် အသီးမှည့်လာသောအခါ သကြားဓာတ်သို့ ပြောင်းလဲသွားသဖြင့် စားသုံးရာ၌ အလွန် အနှစ်အရသာနှင့်ပြည့်စုံသည်။ ငှက်ပျောသီးသည် လူတို့အတွက် အာဟာရဓာတ်ပြည့်စွမ်းသော အစားအစာတစ်ရပ်ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် လူတို့သိနှင့်ပြီးသော ငှက်ပျောပင်မျိုးပေါင်း ၇၀ နီးပါးရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ ထင်ရှားသော ငှက်ပျောမျိုးများမှာ ထောပတ်၊ ရခိုင်၊ နံ့သာပု၊ သီးမွှေး၊ ဖီးကြမ်း၊ သူငယ်စာ၊ ပျားရည်ဆမ်း၊ ရသာရုံ၊ မယားမန်၊ ငှက်ပျောချဉ်၊ ရွှေနီနှင့် ဝက်မလွတ်တို့ဖြစ်သည်။ အလုံးအလွန်ကြီးထွားသော ငှက်ပျောမျိုးကို မြန်မာနိုင်ငံတွင် ဆင်အံ သို့မဟုတ် ဗျပ်ပြည့် သို့မဟုတ် မောင်ကြီးပင့်ပါဟု ခေါ်ဆိုကြသည်။ မြန်မာတို့သည် ငှက်ပျောဖီးများကို ကန်တော့ပွဲများတွင် လည်းကောင်း၊ မုန့်ပြုလုပ်ရာတွင်လည်းကောင်း အများအားဖြင့် အသုံးပြုကြသည်။

ငှက်ပျောရွက်များမှာလည်း လွန်စွာအသုံးဝင်သည်။ ငှက်ပျောရွက်ကြီးများကို အမျှင်များပြုလုပ်၍ ဖျာ၊ ဖျာကြမ်းများ ရက်လုပ်ကြသည်။ အသီးညံ့ဖျင်းသော မျိုးမကောင်းသည့် ငှက်ပျောပင်တို့မှမူ ငှက်ပျောလျှော်အဖြစ်ယူ၍ ထိုလျှော်ဖြင့် စက္ကူများပြုလုပ်နိုင်ပေသည်။

ယခုအခါ နိုင်ငံတော်က အသေးစား၊ အငယ်စား နှင့် အလတ်စား MSME လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက် ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ဖြန့်ချိ၍ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့လျက်ရှိသည်။ ငှက်ပျောလျှော် ထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးမှလည်း ငှက်ပျောလျှော်မှ အင်္ကျီ၊ အိတ်၊ ဖိနပ်၊ ပိတ်စများ ထုတ်လုပ်လျက်ရှိကြောင်း၊ ငှက်ပျောမှထုတ်လုပ်သည့် ထုတ်ကုန်များကို မြို့ပေါင်း ၂၅ မြို့တွင် သင်တန်းများပေးလျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ကျယ်ပြန့်သည့် ဈေးကွက်တစ်ခုရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပပို့ကုန်အတွက် ကျယ်ပြန့်သည့် ဈေးကွက်တစ်ခုရရှိစေရန် အချိန်တစ်ခုလိုကြောင်း၊ ယခုအခါ ငှက်ပျောလျှော်မှထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံ၊ ချင်းမိုင်၊ ကမ္ဘောဒီးယား၊ ဂျပန်နိုင်ငံများသို့ တင်ပို့ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ပြည်တွင်းမှ ရရှိသည့် စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့် လူသုံးကုန် ပစ္စည်းများထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ချိတင်ပို့ရာ၌ စက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာကို ပံ့ပိုးပေးနိုင်ပါက ခိုင်မာသော ဈေးကွက်တစ်ခု၏ ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း၊ ငှက်ပျောလျှော်မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချနေသည့် လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားလာမှုအရ သိရသည်။

ငှက်ပျောလျှော်ထုတ်ကုန်များအဖြစ် ဖိနပ်၊ ဦးထုပ်၊ အခင်း၊ အိတ်၊ ပိတ်စများ ထုတ်လုပ်လျက်ရှိပြီး ဈေးနှုန်းဈေးကွက်များအနေဖြင့် အမျိုးသားစီး ညှပ်ဖိနပ်တစ်ရံလျှင် ကျပ် ၇၀၀၀၊ အမျိုးသမီးစီး ညှပ်ဖိနပ်တစ်ရံလျှင် ကျပ် ၅၀၀၀၊ လေဒီရှုးတစ်ရံလျှင် ကျပ် ၃၅၀၀၀၊ အိတ်တစ်လုံးလျှင် ကျပ် ၉၀၀၀ မှ ၂၀၀၀၀၊ ဦးထုပ်တစ်လုံးလျှင် ကျပ် ၁၂၀၀၀၊ ငှက်ပျောလျှော်သော့ချိတ်တစ်ခုလျှင် ကျပ် ၅၀၀၀၊ ငှက်ပျောလျှော် ပိတ်စအိတ်တစ်လုံးလျှင် ကျပ် ၁၅၀၀၀ မှ ၃၅၀၀၀ အထိ ရောင်းချနေရကြောင်းလည်း သိရသည်။

ငှက်ပျောလျှော်ဖြင့် လက်မှုပစ္စည်းများ ထုတ်လုပ် ရောင်းချနေသည့် အလုပ်ရုံတွင် လုပ်သားများ ငှားရမ်းထားရှိပြီး လုပ်သားများကို နေ့လယ်စာထမင်းကျွေး၍ တစ်ရက်လျှင် ကျပ် ၈၀၀၀ နှုန်းဖြင့် လုပ်အားခများ ရှင်းပေးကြောင်း၊ လုပ်အားခအနေဖြင့် တစ်ရက် ၈၀၀၀ နှုန်းပေးချေသဖြင့် အလုပ်လုပ်ကိုင်သူ လုပ်သားများအနေဖြင့်လည်း မပင်မပန်း အလုပ်လုပ်ရသည့်အတွက် အလွန်ပင်တွက်ခြေကိုက်သည့် အလုပ်တစ်ခုဖြစ်ကြောင်း သိရှိရသည်။ မိမိတို့အနေဖြင့် ဈေးနှုန်းဈေးကွက်ဆိုသည်ထက် စွန့်ပစ်ပစ္စည်းများမှ ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေလိုကြောင်း၊ လက်မှုပညာဖြစ်သည့်အတွက် ဈေးနှုန်းအနေဖြင့် အနည်းငယ်များကြောင်း၊ နောက်ပိုင်းတွင် ငှက်ပျောလျှော်ထုတ်ကုန်များကို အခြားနိုင်ငံများသို့ပါ တင်ပို့နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှလည်း ငှက်ပျောလျှော်ဖြင့် ထုတ်လုပ်ထားသည့် ပိတ်စများကို အုပ်လိုက်မှာယူမှုများရှိကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားလာမှုအရ သိရသည်။

အချုပ်အားဖြင့်ဆိုလျှင် ငှက်ပျောပင်သည် မြန်မာနိုင်ငံ အနှံ့အပြား၌ ပေါက်ရောက်ပြီး အရွက်မှ အပင်၊ နောက်ဆုံး စွန့်ပစ်ပစ္စည်းဖြစ်သည်အထိ အသုံးဝင်သဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် စိုက်ပျိုးသင့်သည့် အသီးအပင် တစ်မျိုးဖြစ်သည်။ ထို့အပြင် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအနေဖြင့်လည်း အခွင့်အလမ်းများပြားသည့်အပြင် ပြည်ပပို့ကုန်အထိ ဈေးကွက်၌ ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် နိုင်ငံတော်က အသေးစား၊ အငယ်စားနှင့်အလတ်စား MSME လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် လုပ်ကိုင်သင့်သည့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## မကွေးပွဲရုံနှင့် ရေနံချောင်းပွဲရုံ ကြက်သွန်နီ အရောင်းအဝယ် အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးဈေးကွက်အတွင်း စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီ ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၇၀၀-၂၀၀၀-၂၃၀၀ ဖြစ်ပြီး တတိယပတ်တွင် ကျပ် ၁၇၀၀-၂၂၀၀-၂၅၀၀ ဖြစ်၍ ကျပ် ၂၀၀ ကျဆင်းလာကြောင်း၊ ရေနံချောင်း၊ ပခုက္ကူ၊ မြစ်သားမြို့တို့မှ ဝယ်ယူကြောင်း၊ ကြက်သွန်နီများကို ပွဲရုံမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်၊ ငဖဲမြို့များမှ ပြန်လည်ဝယ်ယူကြပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀ ခန့်၊ တစ်ပတ်လျှင် ၉ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှသိရသည်။

ရေနံချောင်းဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီဈေးနှုန်းများမှာ ဇန်နဝါရီလ စတုတ္ထပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၄၀၀-၁၈၀၀ ဖြစ်ပြီး တတိယပတ်တွင် ကျပ်၁၂၀၀-၁၆၀၀-၂၀၀၀ ဖြစ်၍ ကျပ် ၂၀၀ ဈေးနှုန်းကျဆင်းလာကြောင်း၊ ကြက်သွန်နီများကို ပွဲရုံမှတဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့သို့ တင်ပို့ ရောင်းချပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀၀ ခန့်၊ တစ်ပတ်လျှင် တန်ချိန် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။

**လင်းကိုကိုဖြိုး**



## အဝင်များသဖြင့် ဈေးကျနေသည့် ပြည်ကြက်သွန်နီ

ပြည်ဈေးကွက်သို့ ယခုဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကြက်သွန်နီ အဓိကစိုက်ပျိုးရာ မကွေးတိုင်းဒေသကြီး တောင်တွင်း၊ ဗိသနိုး၊ စစ်တလင်း၊ ဆိပ်ဖြူ ရေနံချောင်း စသည့်နယ်များမှ အထွက်များ စုံနေသည့်အတွက် အမျိုးအစားစုံစွာဝင်ရောက်မှုရှိနေသည်။ ပြည်ဈေးကွက်သို့ ပိဿာချိန် နှစ်သောင်းခန့် ရက်ခြားအဝင်ရှိနေပြီး ဝင်ရောက်လာသော အမျိုးအစားအနက် ဆိပ်ဖြူနှင့် ရေနံချောင်း ကြက်သွန်နီတို့မှာ အရည်အသွေးကောင်းသဖြင့် ဈေးနှုန်းမှာအမြင့် တစ်ပိဿာလျှင် ကျပ် ၂၇၀၀-၂၈၀၀ ထိရရှိကြောင်း သိရသည်။

ပစ္စည်းရော ဈေးနှုန်းပါချိုသာပေါများနေသည့်အတွက် အဝယ်လိုက်နေပြီး ဒေသတွင်း အိတ်ဆွဲဝယ်ရောင်းသမားများ၊ ပုံမှန် လက်လီဝယ်လက်များနှင့် ပန်းတောင်း(ဥသျှစ်ပင်)၊ သာယာဝတီခရိုင်နှင့် ဧရာဝတီ(ကြံခင်း)တို့သို့ နယ်ကျော်စီးဆင်းမှုများနှင့် အရောင်း အဝယ်ဖြစ်နေသည်။ ပြည်ပွဲရုံများနှင့် လက်လီဈေးများရှိ ဈေးနှုန်းမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး၊ လတ်၊ သေး ကျပ် ၂၃၀၀၊ ၂၂၀၀-၂၁၀၀၊ ၂၀၀၀-၁၈၅၀နှုန်းတို့ရှိပြီး လက်လီဈေးများတွင် ကျပ် ၂၅၀၀-၂၄၀၀၊ ၂၃၀၀-၂၂၀၀၊ ၂၁၀၀-၂၀၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေသည်။

လက်လီဈေးများတွင် အရည်အသွေးဖြင့် ဆိပ်ဖြူ ရေနံချောင်း၊ ကြက်သွန်နီများ ဈေးနှုန်းမြင့်သည့်အတွက် အနည်းငယ်သာ ဝယ်ယူရောင်းချမှုရှိကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# တစ်ပတ်အတွင်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေဩဇာ**

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၇၅၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၃၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၃၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၈၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၅၀၀ ခန့်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၄၀၀ ကျော်၊ ထိုင်ဝမ်မှ တန်ချိန် ၁၅၀ ကျော်နှင့် မလေးရှားနိုင်ငံမှ တန်ချိန် ၁၃၀ ခန့် တင်သွင်းခဲ့ကြောင်းသိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာတန်ချိန် ၇၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နယ်စပ်မှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၁ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၅၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၅၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၉၈ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၄၄၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၈၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**



# အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းများ တိုးတက်ရေး အားပေးကူညီကြပါစို့

နိုင်ငံတော်အနေဖြင့် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းကုန် ထုတ်လုပ်မှုမြင့်မားတိုးတက် စေရေးအတွက် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ကဏ္ဍတစ်ခုအဖြစ် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရောင်းချသော ကုမ္ပဏီမှ ကြိုစိုက်စက်နှင့် ကြံခင်းဓာတ်မြေဩဇာချစက်များအား ထိုင်းနိုင်ငံ နည်းပညာအခြေခံ၍ အရည်အသွေး ကောင်းမွန်စွာထုတ်လုပ်ထားသော ကြိုစိုက်စက်နှစ်စီးနှင့် ကြံခင်းဓာတ်မြေဩဇာချစက် သုံးစီးရှိကြောင်း သိရသည်။

**ကြိုစိုက်စက်**

ယခုအချိန်တွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိရာ ကြိုစိုက်တောင်သူများအနေဖြင့် ကြိုစိုက်ရာသီတွင် အစိုဓာတ်အမီထွန်ယက် စိုက်ပျိုးနိုင်မှသာ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းမှာ ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ကြိုစိုက်တောင်သူများ ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ဈေးနှုန်းသက်သက်သာသာဖြင့် ကြိုစိုက်စက်များကို ထုတ်လုပ်ရောင်းချပေးနေကြောင်း သိရသည်။

တောင်သူများအနေဖြင့် ကိုယ်ပိုင်ဝယ်ယူနိုင်ခြင်းမရှိပါက တစ်ဆင့်ငှားစနစ်ဖြင့် ငှားရမ်းသုံးစွဲနိုင်သည်။ ငှားရမ်းခအနေဖြင့် ဆီဈေးနှုန်းအတက်အကျပေါ်မူတည်၍ စက်မောင်းအပါသုံးဦး တစ်ဧကလျှင် ကျပ် ၈၀၀၀၀ နှုန်းဖြင့် ငှားရမ်းနိုင်ကြောင်း သိရသည်။ ကြိုစိုက်စက်ကိုအသုံးပြု၍ စိုက်ပျိုးပါက လုပ်သားအင်အား လျှော့ချနိုင်သဖြင့် လုပ်သားခချွေတာနိုင်ခြင်း၊ ကြံတစ်ဧကလျှင် မျိုးကြံ နှစ်တန်ခန့်သာလိုအပ်ပြီး ရှစ်နာရီအတွင်း ငါးဧက စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ကြိုစိုက်စက်ဖြင့် စနစ်တကျ စိုက်ပျိုးသည့်အတွက် မျိုးကြံအလေအလွင့် မရှိခြင်း၊ အချိန်တိုအတွင်း ဧကများများ စိုက်ပျိုးနိုင်ခြင်း၊ စိုက်စနစ်မှန်၍ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ပြီး အကျိုးအမြတ်များများ ရရှိနိုင်မည်ဖြစ်သည်။

**ကြံခင်းဓာတ်မြေဩဇာချစက်**

ကြိုစိုက်စက်များအပြင် ကြံခင်းဓာတ်မြေဩဇာချစက်များကိုပါ ထုတ်လုပ် ရောင်းချပေးနေကြောင်း သိရသည်။ ငှားရမ်းအသုံးပြုမည်ဆိုပါက တစ်ဧကလျှင် ကျပ် ၄၀၀၀၀ ဓာတ်မြေဩဇာ နှစ်အိတ်၊ ကြာချိန် သုံးနာရီ ဖြစ်သည်။ လူအင်အားဖြင့် ကြဲပက်ပါက တစ်ရက်လျှင် တစ်ဧကကျော်ခန့်သာပြီးကြောင်း၊ ဓာတ်မြေဩဇာ အလေအလွင့်များပြီး အပင်အတွက်ထိရောက်မှုမရှိနိုင်ကြောင်း တောင်သူများထံမှ သိရသည်။ ကြံခင်းဓာတ်မြေဩဇာချစက်ဖြင့် ကြဲပက်လျှင် အပင်မြစ်ခြေအထိ ဝင်ရောက်သည့်အတွက် ပိုမိုထိရောက်ပြီး အလေအလွင့်နည်းပါး၍ အထွက်နှုန်း ပိုမိုထွက်ရှိနိုင်ကြောင်း သိရသည်။

**ထွန်းနိုင်လင်း (ပြည်)**

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ် ၃၆ သိန်းကျော်ရှိ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းမှာ ကျပ် ၃၆ သိန်းကျော်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ အဆိုပါအသင်း၏ ဈေးကွက်အဖွင့်ဈေးသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်တာကာလအတွင်း ကျပ် ၃၇ သိန်းကျော်တွင်ရှိနေခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဒီဇင်ဘာ ၂၉ ရက်မှစတင်ကာ ကျပ် ၃၆ သိန်းကျော်ကို ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ဈေးကွက်အတွင်း ရွှေဈေးနှုန်း မြင့်တက်လာခြင်း မရှိစေရန်အတွက် အသင်းသား၊ အသင်းသူများအနေဖြင့် ရွှေဈေးကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ရောင်းဝယ်ပေးကြရန်နှင့် လက်ငင်းဖြင့်သာ အရောင်းအဝယ်ပြုလုပ်ပြီး ပို၍ ရောင်းခြင်း၊ ဝယ်ခြင်းများ လုံးဝမပြုလုပ်ကြရန် YGEA က မေတ္တာရပ်ခံပန်ကြားလွှာ ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် YGEA ၏ ရွှေဈေးနှုန်းများမှာ ဇန်နဝါရီ ၂၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၆၃၁၃၀၀၊ ၂၉ ရက်တွင် ကျပ် ၃၆၅၄၇၀၀၊ ၃၀ရက်တွင် ကျပ် ၃၆၆၈၄၀၀၊ ၃၁ရက်တွင် ကျပ် ၃၆၆၃၀၀၀၊ ဖေဖော်ဝါရီ ၁ ရက်တွင် ကျပ် ၃၆၇၅၆၀၀၊ ၂ ရက်တွင် ကျပ် ၃၆၉၇၂၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများအနေဖြင့်လည်း ဇန်နဝါရီ ၂၇ ရက်တွင် တစ်အောင်စ ၂၀၁၈ ဒေါ်လာ၊ ၂၉ ရက်တွင် ၂၀၃၁ ဒေါ်လာ၊ ၃၀ ရက်တွင် ၂၀၃၈ ဒေါ်လာ၊ ၃၁ ရက်တွင် ၂၀၃၅ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁ ရက်တွင် ၂၀၄၂ ဒေါ်လာ၊ ၂ ရက်တွင် ၂၀၅၄ ဒေါ်လာဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်သာရှိ

လက်ရှိပြည်တွင်း ငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် အရောင်းအဝယ်ပြုလုပ်သည့် ငွေလဲနှုန်းကို သတ်မှတ်ပေးတော့မည်မဟုတ်ကြောင်း ကြေညာထားပြီးဖြစ်သည်။ ထို့ပြင် ဈေးကွက်အတွင်း ဝယ်ယူရရှိခဲ့သည့် နိုင်ငံခြားငွေအား ပြည်ပသို့ လွှဲပြောင်းရာတွင်လည်း နိုင်ငံခြားသုံးငွေ ကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးရမည် ဖြစ်ကြောင်း အသိပေးထားသည်။

ထို့ပြင် ယခင်ကကဲ့သို့ Online Trading စနစ်ဖြင့် တစ်ဒေါ်လာလျှင် ၂၉၂၂ ကျပ်ဖြင့်ရောင်းချရန် မလိုအပ်တော့ကြောင်း သိရသည်။ နိုင်ငံခြားငွေလဲဈေးကွက်အတွင်း လက်ရှိတွင် ဝိသမလောဘသားများနှင့် ဈေးကစားသူအချို့က ငွေဈေးနှုန်းကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကောလာဟလများ ထုတ်လွှင့်ကာ လိမ်ညာအမြတ်ထုတ်မှုများ ရှိနေသည့်အတွက် မဟုတ်မမှန် သတင်းလွှင့်ပြောကြားသော ဝိသမလောဘသားများကို ဗဟိုဘဏ် ဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ် အရေးယူလျက်ရှိသည်။

**ပန်းဆု**

## စတော့ရှယ်ယာတန်ဖိုး ကျပ်သန်း ၂၃၀ ကျော် အရောင်းအဝယ်ဖြစ်

ပြီးခဲ့သည့် ဇန်နဝါရီ ၁၄ ရက်မှ ၃၁ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၂၃၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၈၃၄၀၀ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၂၃၈ ဒသမ ၉၂ သန်းရှိခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၆၆၅၀ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၇ ဒသမ ၈၄ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၄၂၇၀၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၂၂ ဒသမ ၁၃ သန်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၅၄၃၆ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၃ ဒသမ ၄၆ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၈၁ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၀ ဒသမ ၆၄ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၁၃၇၈ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၄၄ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၃၄၁၉ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၅၆ သန်းရရှိခဲ့သည်။

**ပန်းဆု**

# စက်သုံးဆီ (တတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၂၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၃၁ ရက်တွင် ရွှေ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၃၅ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဇန်နဝါရီ ၂၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၈၃၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၃၉၀၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ - ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

ဇန်နဝါရီ ၂၅ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၁-၂၀၂၄ | ၂၆-၁-၂၀၂၄ | ၂၉-၁-၂၀၂၄ | ၃၀-၁-၂၀၂၄ | ၃၁-၁-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၇၅၀ | ၃၅.၆၃၀ | ၃၅.၅၈၅ | ၃၅.၃၃၅ | ၃၅.၄၃၀ | -၀.၉၀ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၀ | ၁.၃၄၁ | ၁.၃၄၁ | ၁.၃၄၀ | ၁.၃၄၀ | ၀.၀၀ | - |
| ၄ | Malaysian Ringgit | MYR | ၄.၇၃၂ | ၄.၇၂၇ | ၄.၇၃၄ | ၄.၇၂၇ | ၄.၇၃၀ | -၀.၀၄ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၅၈၂၅ | ၁၅၈၂၀ | ၁၅၈၁၀ | ၁၅၇၈၀ | ၁၅၇၈၀ | -၀.၂၉ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၁၇၁ | ၇.၁၇၉ | ၇.၁၈၁ | ၇.၁၇၇ | ၇.၁၈၀ | ၀.၁၃ | ↑ |
| ၇ | Indian Rupee | INR | ၈၃.၁၀၂ | ၈၃.၁၃၂ | ၈၃.၁၃၉ | ၈၃.၁၂၆ | ၈၃.၀၃၃ | -၀.၀၈ | ↓ |
| ၈ | Japanese Yen | JPY | ၁၄၇.၆၆၉ | ၁၄၇.၈၀၄ | ၁၄၇.၇၂၁ | ၁၄၇.၅၂၄ | ၁၄၇.၅၀၃ | -၀.၁၁ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၂၀ | ၁.၅၁၉ | ၁.၅၁၅ | ၁.၅၁၅ | ၁.၅၁၉ | -၀.၀၇ | ↓ |
| ၁၀ | Euro | EUR | ၀.၉၁၈ | ၀.၉၂၃ | ၀.၉၂၃ | ၀.၉၂၄ | ၀.၉၂၄ | ၀.၆၅ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၅ | ၀.၇၈၇ | ၀.၇၈၇ | ၀.၇၈၈ | ၀.၇၈၈ | ၀.၃၈ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ ဇန်နဝါရီ ၂၅ ရက် မှ ဇန်နဝါရီ ၃၁ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၅၆၅-၃၅၇၀ ကျပ်ကြားရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၉ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၇၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၆ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ကျဆင်းပြီး အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် အိန္ဒိယနိုင်ငံသည် ဆန်တင်ပို့ ရောင်းချမှုကို တားမြစ်ထားခြင်းကြောင့် ဆန်ဝယ်ယူတင်သွင်းသည့် နိုင်ငံများအနေဖြင့် ပါကစ္စတန်ဆန် ပိုမိုဝယ်ယူရန် တွန်းအားဖြစ်စေပြီး ပါကစ္စတန်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇွန်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်တွင် စံချိန်တင် မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။ ပြည်ပမှ ဆန်အဝယ်လိုက်သဖြင့် ပါကစ္စတန်ဆန် ဈေးနှုန်းသည် ၁၆ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၉ သန်းမှ ၉ သန်းခွဲအထိ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စပါးထွက်ရှိမှု သိသိသာသာ တိုးတက်လာသောကြောင့် ပို့ကုန်ဆန်တန်ချိန် ၅ ဒသမ ၂ သန်းအထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေကြီးခဲ့မှုကြောင့် စပါးအထွက်နှုန်း လျော့ကျခဲ့ပြီး တန်ချိန် ၅ ဒသမ ၅ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကာ တန်ချိန် ၃ ဒသမ ၇ သန်းသာ တင်ပို့နိုင်ခဲ့ကြောင်း ပါကစ္စတန်ဆန် တင်ပို့သူများအသင်း Rice Exporters Association of Pakistan (REAP) ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံသည် ဘာစမာတီ မဟုတ်သော ဆန်ကို ပါကစ္စတန်နိုင်ငံ ဆန်ဈေးနှုန်းထက်နိမ့်သည့် ဈေးနှုန်းများဖြင့် ရောင်းချသော်လည်း ယခုအခါ အိန္ဒိယနိုင်ငံသည် ဘာစမာတီ မဟုတ်သောဆန်ကို တင်ပို့မှု ရပ်နားထားသဖြင့် ဝယ်လက်များသည် ပါကစ္စတန်ဆန်ကို ပိုမိုဝယ်ယူလာကြောင်း သိရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် စပါးအထွက်နှုန်းများသော်လည်း ပြည်ပ တင်ပို့သည့် ဆန်ဈေးမြင့်တက်မှုကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများပါ မြင့်တက်လာကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံသည် လက်ရှိတွင် ဘာစမာတီမဟုတ်သော ဆန်ကို အင်ဒိုနီးရှား၊ ဆီနီဂေါ၊ မာလီ၊ အိုင်ဗရီကို့စ်နှင့် ကင်ညာနိုင်ငံများသို့ အဓိက တင်ပို့နေပြီး ပရီမီယံ ဘာစမာတီဆန်ကို ဥရောပသမဂ္ဂ၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ တင်ပို့နေကြောင်း သိရှိရသည်။ ပါကစ္စတန်နိုင်ငံ၏ ပို့ကုန်လုပ်ငန်းရှင်များသည် တစ်နှစ်ပတ်လုံး ဆန်တင်ပို့မည့် ပမာဏ၏ သုံးပုံနှစ်ပုံခန့် တင်ပို့ထားပြီးဖြစ်ကာ ကျန်ရှိသည့်ဆန်ကို ၂၀၂၄ ခုနှစ် မေလကုန်မတိုင်ခင် အကုန်လုံး တင်ပို့ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း)တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ၁၃၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန် တစ်အိတ်လျှင် ကျပ် ၇၄၀၀၀ မှ ၇၆၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၈၂၀၀၀ မှ ၈၄၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇန်နဝါရီ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန်တစ်အိတ်လျှင် ၂၉၀ ယွမ်ဝန်းကျင်ရှိပြီး ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၇၆ ကျပ်ကျော် နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၀၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၅၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မြစ်ကြီးနားမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၅၆ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် နိုင်ငံ တကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ဇန်နဝါရီ စတုတ္ထပတ်တွင် ပြောင်းနှင့် ရော်ဘာတင်ပို့မှု အခြေအနေ

### ပြောင်း

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၀၇ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၇၄၃၅၀ ကျော်တင်ပို့သည်။ ပြောင်းတင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ပြောင်းတန်ချိန် ၄၇၆၇၀ ကျော်တင်ပို့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၂၆၆၇၀ ကျော်တင်ပို့သည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၇ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၃၃၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှုစုစုပေါင်းတန်ချိန် ၇၅၆၈၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၂၄ သန်းရရှိသည်။ ယခင်တစ်ပတ်ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် တစ်သောင်းကျော် ပိုမိုတင်ပို့ကြောင်း သိရသည်။

### ရော်ဘာ

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၆၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၆၁၉၀ ကျော်တင်ပို့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၅၆၀၊ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၂၁၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ရော်ဘာ ၂၉၉ တန်ချိန်နှင့် ဂျပန်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၂၀ တင်ပို့ကြောင်း သိရသည်။ ယခင်တစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၅၀၀ကျော် ပိုမိုတင်ပို့ခဲ့သည်။ DAAT

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

DOT (P&S)

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ နိုင်ငံအနက် Curacao နိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး တူကီယဲ(တူရကီ) နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၄ ရာခိုင်နှုန်း၊ ဘာဗေဒိုနိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဇန်နဝါရီ ၂၉ ရက် ဖော်ပြချက်၌ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ ဘူလ်တန်၊ ဂျော်ဂျီယာ၊ ဂွါတီမာလာ၊ အိုက်စလန်နှင့် ကင်ညာ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၈၀ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဆိုက်ပရပ်စ်၊ ချီလီ၊ ဘရာဇီး၊ ဖင်လန်၊ ဩစတြေးလျနှင့် ခရိုအေးရှား အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ နိုင်ငံအနက် ဘာဗေဒိုနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆွီဒင်နိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်း၊ မွန်တီနီဂရိုးနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဆလိုဗေးနီးယားနိုင်ငံတွင် ၃ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိကြောင်း တွေ့ရသည်။

ယခုတစ်ပတ် အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ အယ်လ်ဘေးနီးယား၊ အီတလီ၊ ဂျော်ဒန်၊ နယူးဇီလန်နှင့် ဆူရီနမ်စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၈၂ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း Global Petrol Prices Website ၏ ဖော်ပြချက်၌ တွေ့ရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဘရာဇီး၊ ဖင်လန်၊ Curacao နှင့် ခရိုအေးရှားအပါအဝင် နိုင်ငံပေါင်း (၄) နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ သုည ဒသမ ၉၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ဇန်နဝါရီ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၃၃ | ၁.၁၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၅ | ၀.၉၆ |
| ၃ | ထိုင်း | လီတာ | ၁.၂၆ | ၀.၈၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၈ | ၀.၈၄ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၂ | ၁.၈၈ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၆ | ၁.၀၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၉ | ၁.၀၂ |
| ၉ | လာအို | လီတာ | ၁.၃၄ | ၀.၉၅ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၆ | ၁.၀၃ |
| ၂ | ဂျပန် | လီတာ | ၁.၁၉ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဇန်နဝါရီ ၃၁ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၇၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၈၄၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၅၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၅၁၅ ကျပ် အသီးသီးဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၃၁၈ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၉၃၄ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၂၅၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၅၄၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၈၄၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၄၅၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၅၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၆၀ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၁၂၀ နှင့် ဒီဇယ်တစ်လီတာလျှင် ၂၀ ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



# ပြည်ခရိုင်၏ နှမ်းသီးနှံဈေးနှုန်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးနှမ်းစိုက်ဧက ၆၆၃၇၁ ဧကတွင် (၆၆၃၇၁ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၄ ဒသမ ၉၅ တင်းထွက်ရှိကြောင်း သိရသည်။ ဆောင်းနှမ်းစိုက်ဧကမှာ ၁၁၂၆၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ မိုးနှမ်းများ စတင်ထွက်ပေါ်ချိန်ဖြစ်သော ၂၀၂၃ခုနှစ် အောက်တိုဘာလတွင် နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၃၀၅၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၂၇၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

နိုဝင်ဘာလတွင် နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၂၈၅၀၀၀၊ နှမ်းနက် သုံးတင်း တစ်အိတ် လျှင် ကျပ် ၂၇၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်း တစ်အိတ်လျှင် ၃၀၀၀၀၀ကျပ်ဖြင့် ဈေးအနည်းငယ် ကျဆင်းလာပြီး ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိ၍ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ရက်လျှင် အိတ် ၁၀၀၀-၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဆောင်းနှမ်းစိုက်ပျိုးချိန် ဒီဇင်ဘာလတွင် နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၂၀၀၀၀ ဖြင့် နှမ်းအနည်းငယ်ရှားသွား၍ စမုန်နက်နှမ်းသာ ဈေးပြန်မြင့်သွားပြီး ရိုးရိုးနှမ်းနက်မှာ ဈေးငြိမ်၍ နှမ်းနီမှာ ဈေးကွက်တွင် ပစ္စည်းလက်ကျန်ပြတ်၍ ဈေးတန်းသာရှိခဲ့သည်။ ၂၀၂၄ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၀၊ ဇန်နဝါရီ နောက်ဆုံးပတ်တွင် နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၈၅၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုဖေဖော်ဝါရီ ပထမပတ်တွင် နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၈၅၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ နှင့် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၅၀၀၀၀ နှင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ယခင်နှစ်ဖြစ်သော ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော နှမ်းဈေးနှုန်းများမှာ-

ပြည်ခရိုင်၏ နှမ်းသီးနှံဈေးနှုန်း

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အနိမ့်(ဈေး)(ကျပ်) | အမြင့်(ဈေး)(ကျပ်) |
|---|---|---|---|---|
| ၁။ | နှမ်းနီ | (၃)တင်း | ၂၆၅၀၀၀ | ၃၀၀၀၀၀ |
| ၂။ | နှမ်းနက် | (၃)တင်း | ၂၇၀၀၀၀ | ၃၂၀၀၀၀ |
| ၃။ | စမုန်နက် | (၃)တင်း | ၃၂၀၀၀၀ | ၃၅၀၀၀၀ |

ထို့ကြောင့် ပြည်ခရိုင်တွင် နှမ်းဈေးများမှာ အမြင့်ဆုံးတွင်ရှိ နှမ်းစိုက်ပျိုးသူ တောင်သူများအနေဖြင့် တစ်ဧကထုတ်လုပ်မှုသည် သီးနှံအရည်အသွေး မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် ရောင်းချသည့်အခါ မိမိသီးနှံအရည်အသွေးပေါ် မူတည်၍ ဝင်ငွေတိုးလာပြီး အမြတ်အစွန်းများ ရရှိလာနိုင်မည်ဖြစ်ပြီး မိမိတို့၏ လယ်ယာစီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။

**ဝေဝေမင်း(ပြည်)**

# ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်

**သိန်းမြင့်ဝေ**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့ (Davos) ၌ (၅၄) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum - WEF) ကျင်းပခဲ့သည်။ အစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံမှ မူဝါဒချမှတ်သူနှင့် စီးပွားရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ထိုသို့တက်ရောက်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရန်အတွက် အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အထူးမျှော်လင့်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အဓိကခေါင်းစဉ်မှာ ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်း (Rebuilding Trust) ဖြစ်သည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ရှုပ်ထွေးနေသည့် အချိန်အတွင်း ၎င်း၏အရေးပါသော ပံ့ပိုးကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တက်ရောက်လာသူများက ပြောကြားခဲ့သည်။

### စိန်ခေါ်မှုများ

၂၀၂၄ ခုနှစ် ကမ္ဘာ့စီးပွားရေး အလားအလာ မှုန်မှိုင်းနေဆဲဖြစ်သည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့စီးပွားရေး အားပျော့လိမ့်မည်ဟု စီးပွားရေးပညာရှင်များက မျှော်လင့်ထားသည်။ ကြွေးမြီ အကျပ်အတည်း၊ ငွေကြေးဖောင်းပွခြင်း၊ အတိုးနှုန်း မြင့်မားခြင်းနှင့် ကုန်သွယ်မှု စွမ်းဆောင်ရည် နှေးကွေးခြင်း စသည့်အချက်များက ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေသည်။ မတည်ငြိမ်မှု (Instabilities) မသေချာမရေရာမှု (Uncertainties) နှင့် မှန်းဆမရသော အချက်များ (Unpredictable factors) က စိန်ခေါ်မှုကို ပိုမိုဆိုးရွားစေသည်။

အရှုပ်ထွေးဆုံး ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေ (Most complex geopolitical and economic backdrops) ဖြစ်ပေါ်နေသည့်ကာလတွင် ဖိုရမ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အလွန်ရှုပ်ထွေးသော လုံခြုံရေးအခင်းအကျင်းနှင့် အလွန်ပျက်စီးလွယ်သော စီးပွားရေးအခြေအနေကို မြင်တွေ့နေရကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် ဥက္ကဋ္ဌ Borge Brende က ပြောကြားခဲ့သည်။

စီးပွားရေးတိုးတက်မှု (Growth) မရှိပါက အလုပ်အကိုင်မရှိနိုင်ကြောင်း၊ တိုးတက်မှုမရှိပါက ချမ်းသာကြွယ်ဝမှု (Prosperity) မရှိနိုင်ကြောင်း၊ ချမ်းသာကြွယ်ဝမှု မရှိဘဲ ငြိမ်းချမ်းမှု (Peace) မရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စု (World Bank Group) ဥက္ကဋ္ဌ Ajay Banga က ပြောကြားသည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှု လမ်းကြောင်းသည် ဆယ်စုနှစ် သုံးခုအတွင်း အဆိုးရွားဆုံး ဆယ်စုနှစ်ဝက်သို့ ရောက်ရှိနေကြောင်း၊ ကမ္ဘာ့အခင်းအကျင်းကို ပုံဖော်ရာတွင် စီးပွားရေးတိုးတက်မှု အရေးပါကြောင်း ၎င်းက သတိပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်ကြား ငါးနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှု ပျမ်းမျှ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိနိုင်ကြောင်း သိရသည်။ အဆိုပါတိုးတက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၉ ခုနှစ်ကြား တိုးတက်ခဲ့သော ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ဆယ်စုနှစ်များအတွင်း အနိမ့်ဆုံးနှုန်းဖြစ်သည်။ ၂၀၂၄ ခုနှစ်တစ်လျှောက် အတိုးနှုန်း ထပ်မံကျဆင်းလာနိုင်ပြီး မူဝါဒအမှားအယွင်း (Policy error) မရှိစေရန် ဂရုစိုက်သင့်သည်။ မူဝါဒချမှတ်သူနှင့် စီးပွားရေးခေါင်းဆောင်များသည် ပထဝီဝင်နိုင်ငံရေး တင်းမာမှု ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်နေကြသည်။ ရုရှား-ယူကရိန်း ပဋိပက္ခ၊ အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် ပင်လယ်နီ အကျပ်အတည်း (Red Sea crisis)တို့ကြောင့် သွင်းအားစုကုန်ကျစရိတ် မြင့်တက်ခြင်းနှင့် ငွေကြေးဖောင်းပွခြင်း ဖြစ်ပေါ်လာနိုင်သည်။

### လိုအပ်သော ပူးပေါင်းဆောင်ရွက်မှု

ယနေ့ကမ္ဘာကြီးသည် အယုံအကြည်ကင်းမဲ့သော ခံစားချက်များ (Sense of distrust) ပြည့်နှက်နေပါသည်။ ထို့အတွက် အရေးကြီးသော ကမ္ဘာ့အရေးကိစ္စများ၌ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မလုံလောက်သေးကြောင်း တွေ့ရှိရသည်။ လုံခြုံရေး၊ စီးပွားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုတို့သည် နိုင်ငံနှင့် ကုမ္ပဏီများ အရေးတကြီး ရင်ဆိုင်နေရသော ပြဿနာဖြစ်သည်။ ထို့ကြောင့် ဘက်ပေါင်းစုံ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ တိုက်ဖျက်ရန် နက်ရှိုင်းသည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Deepen global collaboration) လိုအပ်နေသည်။

ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရန် အသံမျိုးစုံ (Diverse range of voices) ပါဝင်ရန် လိုအပ်သည်။ အာဖရိကသည် ကမ္ဘာတစ်ဝန်း နိုင်ငံစုံဝါဒ (Multilateralism) အတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားစီးပွားရေးဆိုင်ရာ နိုင်ငံတကာနယ်ပယ်များ၌လည်း ပါဝင်လျက်ရှိသည်။

### တရုတ်၏ ပံ့ပိုးကူညီမှု

တရုတ်နိုင်ငံသည် နိုင်ငံစုံဝါဒကို အမြဲတစေ ထောက်ခံသည့် နိုင်ငံဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ဖိုရမ်၌ တစိုက် မတ်မတ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဖိုရမ်၌ တရုတ်နှင့် ကမ္ဘာ့နိုင်ငံများ၏ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန် အောင်မြင်မှုများ မြင်တွေ့ခဲ့ရသည်။ ဖိုရမ်တက်ရောက်သူများသည် တရုတ်နိုင်ငံ၏ စီးပွားရေး အလားအလာနှင့် ပတ်သက်၍ ဆက်လက်အကောင်းမြင်လျက်ရှိကြသည်။ ထိုမျှမက တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် အရေးပါသော အင်ဂျင်စက်အဖြစ် ဆက်လက်ရှုမြင်နေကြသည်။

၂၀၂၃ ခုနှစ် တရုတ်စီးပွားရေးသည် ၅ ရာခိုင်နှုန်းဝန်းကျင် တိုးတက်ခဲ့ပြီး သတ်မှတ်ထားသော ရည်မှန်းချက် ပြည့်မီခဲ့သည်။ ဤအချက်သည် တရုတ်နိုင်ငံအတွက်လည်းကောင်း၊ အာရှနှင့် ကမ္ဘာအတွက်လည်းကောင်း သတင်းကောင်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု (Global growth) ၏ သုံးပုံတစ်ပုံ ပါဝင်နေသောကြောင့်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် အစိမ်းရောင်စွမ်းအင်ဆိုင်ရာ ကမ္ဘာ့ချန်ပီယံနိုင်ငံ (World champion) ဖြစ်လာခဲ့သည်။ အကြောင်းမှာ တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ထူးထူးခြားခြားအောင်မြင်ပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု (Global energy cooperation) တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း မြောက်မြားစွာနှင့် ပူးပေါင်းဆောင်ရွက်နေသည်။

ကမ္ဘာ့ ဒုတိယစီးပွားရေး အင်အားအကြီးဆုံးမားဖြစ်သည့် တရုတ်နိုင်ငံသည် နိုင်ငံစုံကုန်သွယ်မှုစနစ် (Multilateral trading system) နှင့် နိုင်ငံစုံဝါဒ (Multilateralism) ကို ထောက်ခံအားပေးသည်။ တရုတ်နိုင်ငံသည် နိုင်ငံ၏ စီးပွားရေးဖွင့်လှစ်ရန် အခိုင်အမာ သန္နိဋ္ဌာန်ချထားသည်။ နိုင်ငံ၏ စီးပွားရေး ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ အခွင့်အလမ်းများ မျှဝေပြီး ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံစုံကုမ္ပဏီကြီးများ (Multinationals) သည် တရုတ်နိုင်ငံ၏ ကြီးမားသော စားသုံးသူဈေးကွက် အခွင့်အလမ်းများ (Consumer market opportunities) ရယူသင့်ပါသည်။

**Source: english.news.cn**

# ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု အခြေအနေ

### ဆန်

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၆၁ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၅၃၂၀၀ ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၇၉၇၀ ကျော်၊ အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၂၄၇၃၀ ကျော်နှင့် အာဖရိကနိုင်ငံဖြစ်သော မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၅၂၀ တင်ပို့ခဲ့သည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သော နိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၅၇၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၀၄၁၀၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၂၂၀ ကျော်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၃၉၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၁၃၀ ခန့်၊ ဩစတြေးလျနိုင်ငံသို့ ဆန်တန်ချိန် ၅၀ နှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ဆန်တန်ချိန် ၅၀ ကျော် တင်ပို့သည်။ အီးယူအဖွဲ့ဝင် နိုင်ငံများအနက် ဆန်တင်ပို့သော နိုင်ငံများမှာ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၂၁၆၂၀ ကျော်၊ ဒိန်းမတ်နိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀၊ ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၇၃၀ ကျော်၊ ပိုလန်နိုင်ငံသို့ဆန် ၂၅၀ တန်၊ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဟန်ဂေရီနိုင်ငံသို့ ဆန်တန် ချိန် ၅၀၀၊ ရိုမေးနီးယားနိုင်ငံသို့ဆန် ၁၂၅ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၊ ဘူလ်ဂေးရီးယားနိုင်ငံနှင့် ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၅၀ စီ အသီးသီးတင်ပို့သည်။

ဇန်နဝါရီလစတုတ္ထပတ်တွင် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၉၀ ကျော်တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်းဆန်တင်ပို့မှုတန်ချိန် ၅၄၂၉၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၃၁ ဒသမ ၃၇၉ သန်းရရှိခဲ့သည်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် သုံးသောင်းကျော် ပိုမိုတင်ပို့ခဲ့သည်။

### ဆန်ကွဲ

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပုံမှန် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၈၅ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၉၀၃၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဥရောပနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၈၇၅၀ ကျော် တင်ပို့ပြီး အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၀၂၈၀ ကျော်တင်ပို့သည်။ ဥရောပနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၅၀၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၂၀၀၀ နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၂၁၀ ကျော်၊ ဗီယက်နိုင်ငံသို့ ဆန်ကွဲ ၂၈၀၈ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၉၁၀၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀ နှင့် ဟောင်ကောင်သို့ အနည်းငယ် တင်ပို့သည်။

ဇန်နဝါရီလစတုတ္ထပတ်တွင် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၃ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၁၅ တန် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၃၉၈၄၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၃၈ သန်းရရှိသည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် ဆန်နှင့်ဆန်ကွဲ တင်ပို့မှု စုစုပေါင်း တန်ချိန် ၉၄၁၀၀ ကျော်ရှိသည်။ ယခင်တစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် သုံးသောင်းကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

**DAAT**


Meizan
wilmar
MYANMAR
Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666


FORTUNE
International
fortune tv
ON AIR
TV
INTEGRAL
HAN YOMA ENERGY
HAN YOMA NUTRITION
fortune tv
FORTUNE TELECOM
HYUNDAI ELEVATOR CO., LTD.
SIGMA
SJEC
Building 12, MICT Park, Hlaing Township, Yangon, Myanmar.
(951) 230 5250 ~ 57
www.fortunemm.com

# SHWE WAH YAUNG Agriculture Production Co.,ltd.




Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com







RG

## MYANMAR'S LEADING RICE EXPORTER

We, started from 2009, in the production, processing, and distribution of premium Myanmar White rice with our own brand name called "ZAW", catering to consumers and food service sectors in local.

Today we are focusing on rice export business to help to increase and distribute domestic products. We have been exporting to Europe, Africa, China and Southeast Asia market.





## RICE G CO., LTD

NO. (Q:2), SHWE THIT KHWA STREET, SHWE PADAUK YEIKMON, KAMAYUT TOWNSHIP, YANGON, MYANMAR

ricegmm.com

trading@ricegmm.com

+959445073328
+959765073328
+959255773602

## ABOUT US

Rice G company, founded in 06 Jan 2022 as a private company limited, company registration number is 131935781 and member of Myanmar Rice Federation as well.

ဇော်


RICE G ဆန်စက်


အဆင့်မြင့်သန့်စင်ပြီးခပ်ချက်ရှယ်

ရန်ကုန် - ပုသိမ်ကားလမ်းမကြီးဘေး၊ ဆားမလောက်ကျေးရွာ၊ ညောင်တုန်းမြို့နယ်။

09 450609012, 09 766049935, 09 977975205


SWEETY LIFE
FURNITURE
sweety life
ငြေလပ်းနှင့်ပန်းခြံလမ်း၊ ၁၂၀/၁၂၄ကြား
09 250 690 906, 09 332 99 111, 09 516 4070


အရည်အသွေးအဆင့်မီ သံထည်ပစ္စည်းဆို
“ စိန်မြင့်မိုရ် ”
SEIN MYINT MOH
U THEIN LWIN FAMILY
STEEL TRADING GROUP
09772120108, 09772120109, 09777003172, 095125565
အမှတ် ၅၁၇၊ မန္တလေးလမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
myolwin@aonesupersteels.com.mm


OMIC MYANMAR
INSPECTION & SURVEYING CO., LTD
OUR SERVICE
Inspection, Fumigation, Marine, Insurance, Survey,
Testing & Laboratory Service
606-602, 6th Floor, MGW Center.
170-176, Bo Aung Kyaw Street,
Botahtaung Township, Yangon, Myanmar.
Tel : 951-256 689, 256 863, 256 712 Fax : 951 256 546
E-mail : omic@ytp.com.mm, omicmyanmar@gmail.com
Website : www.omicmyanmar.com

# ပြည်ဒေသထွက် ဆောင်းသီးနှံဈေးကွက်

ခင်ဆွေဝင်း၊ ယဉ်သိမ့်နွေး၊ ဝင်းဝင်းခိုင်(ပြည်)

### ဗိုလ်ကိတ်

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသီးနှံတစ်မျိုးဖြစ်သည့် ဗိုလ်ကိတ်ပဲသီးနှံကလည်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ကြပြီး လက်လီလက်ကား ရောင်းဝယ်မှုဖြစ်သည်ဟု သိရသည်။ ပဲအဝင်နေ့စဉ်အိတ် ၅၀ ကျော် ၁၀၀အဝင်ရှိသလို လက်လီအပြင် လက်ကား သမားများလည်း ဝယ်ယူကြသည့်အတွက် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဈေးနှုန်းအနေဖြင့် ယခင်နှစ်ဆန်းပိုင်းတွင် ပဲတစ်တင်း ကျပ် ၄၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် ပဲတစ်တင်း ကျပ် ၇၆၀၀၀ မှ ကျပ် ၇၇၀၀၀ အထိ ဈေးရခဲ့ခြင်းကြောင့် ယခင်နှစ်ဈေးထက် ဈေးပိုရသလို ပဲလွမ်းဖြူသီးနှံသည်လည်း ဈေးပိုနေခဲ့သည်ကို တွေ့ရသည်။ ဗိုလ်ကိတ်ပဲသီးနှံသည် ပဲသစ်အဝင်များချိန်လောက်သာ ဈေးကွက်အတွင်း လက်လီလက်ကား ရောင်းဝယ်နေမှုများသော်လည်း ကျန်ကာလများတွင် လှောင်ပဲများဖြင့်သာ လက်လီ ပုံမှန်အဝယ်ရှိခဲ့သည့် ပဲသီးနှံဖြစ်ကြောင်း သိရပါသည်။

### ပဲပုပ်


ဆောင်းသီးနှံပဲသစ်များ ပြည်ဈေးကွက်သို့ ဝင်ရောက်လာပြီဖြစ်ပြီး ပဲပုပ်သီးနှံသည်လည်း ပဲသစ်များ ဒီဇင်ဘာလဆန်းပိုင်းကတည်းက စတင်ဝင်ရောက်လာခဲ့ကာ ယခုချိန်ထိလည်း နေ့စဉ်ပဲသစ်များ ဝင်ရောက်မှုရှိကြသည်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းဒေသများမှ ဝင်ရောက်ခဲ့ပြီးဒေသတွင်းဝယ်ယူမှုရှိသလို ရန်ကုန်ဝယ်လက်များလည်း အဝင်ရှိသလောက် ဝယ်ယူမှုရှိခဲ့ကြသည်။ ပဲသစ်ပေါ်စ ပဲပုပ်သီးနှံဈေးမှာ တစ်တင်း ကျပ် ၆၄၀၀၀ ရရှိခဲ့ပြီး ယခင်နှစ်ကာလတူအချိန်ဈေးဖြင့်ယှဉ်လျှင် ကွာခြားမှု သိပ်မရှိခဲ့ဘဲ ရောင်းဝယ်ခဲ့ကြသည်။ ယခုနှစ်အတွင်း အခြား ပဲသီးနှံအားလုံးလိုလို ဈေးနှုန်းများမြင့်တက်လာ၍ ဈေးကောင်းရလျက်ရှိသော်လည်း ပဲပုပ်သီးနှံများသည် ဈေးအေးနေခဲ့သည်ကို တွေ့ရသည်။ ယခု ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပဲပုပ်သီးနှံတစ်တင်း ကျပ် ၆၁၀၀၀မှ ၆၄၀၀၀ အထိ ပဲအရည်အသွေးလိုက်၍ ဈေးနှုန်းကွာခြားမှုရှိကြသည်ဟု သိရသည်။ ထို့ကြောင့် ပြည်ပဲဈေးကွက်၏ ဆောင်းပဲသစ်ဈေးကွက်မှာ ပဲပုပ်သီးနှံသည် အခြားပဲများထက် ဈေးအနိမ့်ဖြင့်သာ ရောင်းဝယ်နေခဲ့ကြောင်း သိရသည်။

### စားတော်ပဲ

ပြည်ဈေးကွက်မှာ လက်လီ/လက်ကား ပဲမျိုးစုံ ရောင်းဝယ်လျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲကြီး စသည့် သီးနှံများ လက်ကားရောင်းဝယ်မှုဖြစ်ကြပြီး လက်လီရောင်းဝယ်မှုအဖြစ်များသည့် ပဲမှာ နံနက်စာတွင် နေ့စဉ်လိုလို ပါဝင်နေသည့် စားတော်ပဲ သီးနှံဖြစ်သည်။ စားတော်ပဲသီးနှံသည် လက်ကားသမား၊ လက်လီသမားရောင်းဝယ်မှု ပိုဖြစ်ပြီး နှစ်စဉ်လိုလို အခြားပဲများအားလုံးထက် ဈေးပိုရလျက်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်နောက်ပိုင်း ပဲဈေးနှုန်းဈေးကွက်မှာ စားတော်ပဲသီးနှံဈေးမှာ ပိဿာ ၂၀ တစ်တင်း ကျပ် တစ်သိန်းအထိ ဈေးကောင်းရရှိခဲ့ကာ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြင့် စံချိန်တင် မြင့်တက်လာခဲ့သည့် ပဲသီးနှံဖြစ်ခဲ့သည်။ နှစ်စဉ် ဆက်လက်ဈေးကောင်းရလာပြီး ယခု ၂၀၂၄ ဖေဖော်ဝါရီလဆန်းပိုင်းတွင်လည်း ပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ပဲဟောင်းလက်ကျန်မှာ လက်လီဝယ်ယူမှုများဖြင့် ရောင်းဝယ်နေခဲ့ရကြောင်း သိရသည်။

### ရဲကျွန်း(ခေါ်)မင်းတုန်းကြက်သွန်နီ

ကြက်သွန်နီမျိုးစိတ် အများအပြားရှိသည့်အထဲမှ ရဲကျွန်း(ခေါ်)မင်းတုန်း ကြက်သွန်နီသည် အသေးဆုံးနှင့် အချိုဆုံး ကြက်သွန်နီဖြစ်သည်။ ရိုးရိုးကြက်သွန်များကို ဈေးများတွင် အလွယ်တကူဝယ်ယူ၍ရသော်လည်း မင်းတုန်းကြက်သွန်နီမှာ တစ်ရာသီသာပေါ်သောကြောင့် ယခုအချိန်တွင် ဝယ်ယူစုဆောင်းထားသင့်သည်။ ပင်ခြောက်ဆောင်းကြက်သွန်နီဖြစ်သောကြောင့် နှစ်ပေါက်အထားခံသည်။ မင်းတုန်းကြက်သွန်နီ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချပြီး အထုံးတစ်ထုံးလျှင် ၃၀၀ကျပ်နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။



### မန်ကျည်းမှည့်

ပြည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် မန်ကျည်းသီးအစိမ်း တစ်ဖြစ်လဲ မန်ကျည်းမှည့်မရောက်ခင် စပ်ကြားကာလတွင် မန်ကျည်းမှည့် ကြက်ဆူတက်ဟုခေါ်သော မန်ကျည်းသီးများ စတင်ထွက်ပေါ်လာပြီဖြစ်သည်။ ထိုမန်ကျည်းမှည့်များကို ပြည်မြို့အနီးရှိ ကျေးရွာများ၊ ပေါင်းတလည်၊ ခွေးရဲကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ကျီးသဲနှင့် မြို့မရွာတို့မှလည်း ပြည်ဈေးကွက်များသို့ လာရောက် ရောင်းချကြောင်း သိရသည်။ ပေါ်ဦးပေါ်ဖျား မန်ကျည်းသီးများဖြစ်သည့်အတွက် ယခု ဖေဖော်ဝါရီလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၈၀၀၀ ဖြင့် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။



# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းသီးနှံများ

နှင်းလွင်ဦး၊ ဆုလပြည့်ဝင်း(မကွေး)

### ဆောင်းနေကြာ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရေရှားရပ်ဝန်းတွင်တည်ရှိပြီး ရေမြေရာသီဥတုအခြေအနေအရ စပါးစိုက်ဧကနည်းပြီးဝမ်းစာဖူလုံအောင်စိုက်ပျိုးနိုင်ခြင်းမရှိသော်လည်း ဆီထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံ၊ပဲမျိုးစုံ၊ ဝါ၊ နေကြာနှင့် ကြက်သွန်နီသီးနှံများ အဓိကထားစိုက်ပျိုးထွက်ရှိကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်အတွင်းရှိ တောင်သူများသည် ကုလားပဲ၊ မြေပဲနှင့်အတူ ဆောင်းနေကြာကို သီးညှပ်အဖြစ်စိုက်ပျိုးကြသလို သီးထပ်အဖြစ်လည်း စိုက်ပျိုးကြသည်။ အထက်မင်းလှမြို့နယ်အတွင်း ဆောင်းနေကြာစိုက်ဧကမှာ ၄၇၀၀ ဧကကျော်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ စိုက်ပျိုးရာတွင် ဆင်းရွှေကြာ-၂မျိုးကို အများဆုံးစိုက်ပျိုးကြပြီး အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ ခန့်သာကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် အများဆုံး ၁၂ တင်းထွက်ရှိပြီး တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀ ဈေးရရှိခဲ့ပြီး ဆီအဖြစ် ပြန်လည်ကြိတ်ရာတွင်လည်း တစ်တင်းလျှင် နေကြာဆီပိဿာ သုံးပိဿာခွဲခန့်ထွက်ရှိကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြင့် ရောင်းချရ၍ နေကြာစိုက် တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များ ရရှိခဲ့ကြောင်း၊ ဆီထွက်သီးနှံဖြစ်သောနေကြာသည် စိုက်ပျိုးသည့် တောင်သူများအတွက် အကျိုးအမြတ် ရရှိနိုင်စေရုံသာမက ဒေသတွင်း ဆီဖူလုံစေရန်အတွက်လည်း အထောက်အကူဖြစ်စေနိုင်သည်။

### ပဲကြီး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊အထက်မင်းလှမြို့နယ်၊ ဘွဲ့ကျေးရွာအုပ်စုရှိ ညှင်းသွန်း၊ ကွန်းသွန်း၊ ဘွဲ့၊ မင်းဂံ၊ ဇီးတောစသည့် ကျေးရွာများသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး ဇီးတောကျေးရွာ၌ ဆောင်းသီးနှံအဖြစ် ပဲကြီးသီးနှံကို စိုက်ပျိုးထားကြောင်း သိရသည်။

ဇီးတောကျေးရွာ၌ ပဲကြီးစိုက်တောင်သူ ၁၀ ဦးခန့်ရှိပြီး စိုက်ဧကမှာ ၁၀ ဧကဝန်းကျင်ခန့်ရှိကြောင်း၊ မိမိအနေဖြင့် ပဲကြီးကို တပို့တွဲလတွင် ခူးဆွတ်ရကြောင်း၊ ပဲကြီးမှာ ပိုးကြိုက်သော သီးနှံဖြစ်၍ စိုက်ပျိုးစဉ်တစ်လျှောက် ပိုးသတ်ဆေး၊ အားဆေးသုံးကြိမ်စီပက်ဖျန်းပေးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျပြီး ယခုနှစ်တွင် သွင်းအားစုစရိတ်မြင့်တက်လာ၍ မြေပြုပြင်ခ၊ လုပ်အားခအပါအဝင်စုစုပေါင်းကုန်ကျ စရိတ်မှာ ကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခင်နှစ်ကတစ်ဧကလျှင် ၁၅ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ထိ ဈေးရရှိခဲ့ကြောင်း၊ ထွက်ရှိသည့်ပဲကြီးများကို အထက်မင်းလှမြို့ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ပျဉ်းချောင်းအုပ်စုရှိ အောက်ကျင်း၊ ပျဉ်းချောင်း၊ ဆင်သေ၊ ဆယ်ဝ၊ ငမိုးကြီး၊ ငမိုးလေး စသည့်ကျေးရွာများသည် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး၊ စပါး၊ ငရုတ်၊ ပြောင်း၊ မြေပဲ၊ ကုလားပဲ စသည့်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြကြောင်း သိရသည်။

### ကုလားပဲ

ယောချောင်းဘေးရှိ အောက်ကျင်းကျေးရွာ၌ ကုလားပဲ စိုက်တောင်သူ ၅၀ ဦးခန့်ရှိပြီး စိုက်ဧက ၇၀ ဧကဝန်းကျင်ရှိကြောင်း၊ ဒီဇင်ဘာလ အစောပိုင်းတွင် စတင်စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး သုံးလခွဲအကြာတွင် ရိတ်သိမ်းကြောင်း၊ မိမိတို့ဒေသ မြေအနေအထားမှာ ခြောက်သွေ့သောကြောင့် စိုက်ပျိုးစဉ်အတွင်း ရေသုံးကြိမ်သွင်းပေးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးဖိုး အပါအဝင် တစ်ဧကလျှင် ကျပ်၅၀၀၀၀ခန့်ကုန်ကျပြီး မိမိမျိုးများဖြင့်ပြန်လည်စိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ မြေပြုပြင်ခ၊ ရေတင်ခ အပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၃၅၀၀ ၀၀ ခန့်သာ ကုန်ကျကြောင်း၊ ယခင်နှစ်က ကုန်ကျစရိတ်အနေဖြင့် မျိုးတစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် ဝယ်ယူရပြီး သွင်းအားစုစရိတ်အားလုံးအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၅ တင်းမှ တင်း ၂၀ထွက်ရှိပြီး တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ထိဈေး ရရှိခဲ့ကြောင်း၊ ထွက်ရှိသည့် ကုလားပဲများကို ပခုက္ကူမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

### မုန်ညင်း

ဆောင်းသီးနှံမုန်ညင်းကို မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ၊ ချောင်းဖြူကျေးရွာ စသည်တို့ရှိ ဒေသခံ တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၍ မိသားစုအပို ဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။ မုန်ညင်းပင်များကို နေရာဒေသမရွေး စိုက်ပျိုးနိုင်ပြီး အေးသောရာသီဥတုကို ကြိုက်နှစ်သက်သည်။ မုန်ညင်းပင်ကို ပျိုးမထောင်ဘဲ မျိုးစေ့မှ တိုက်ရိုက် စိုက်ပျိုးခြင်းသည် ပိုမိုကောင်းမွန်သဖြင့် တစ်ကျင်းလျှင် မျိုးစေ့ငါးစေ့ခန့်ချ၍ မြေကြီးပါးပါးဖုံးပြီး စိုက်ပျိုးရသည်။ သင့်တော်သော စိုက်နည်းမှာ တစ်ပင်နှင့်တစ်ပင်ကြားအကွာအဝေး ၁ ဒသမ ၈ ပေခန့်အကွာနှင့် အပင်အတန်းကြားအကွာအဝေး ၂ ဒသမ ၅ ပေခန့်အကွာဖြစ်သည်။ မုန်ညင်းသည် အစိုဓာတ် အမြဲရှိနေခြင်းကို ကြိုက်နှစ်သက်သော်လည်း ရေဝပ်ခြင်းကို ကြောက်သည်။ စိုက်ပျိုးပြီး ရက် ၅၀ မှ ၈၀ အတွင်း မုန်ညင်းများ အထုပ်ထုပ်ပြီဖြစ်သောကြောင့် မုန်ညင်းများကျစ်၍ မာလာလျှင် စတင်ခူးဆွတ်ရသည်။ အထုပ်အကာအကွယ်ရစေရန်အတွက် အောက်အရွက်သုံးရွက်ချန်၍ခူးဆွတ်ရသည်။

မုန်ညင်းကို ဆောင်းရာသီအစဖြစ်သော နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးကြပြီး ၄၅ ရက်အကြာတွင် ခူး၍ရရှိပြီးဖြစ်ရာ မုန်ညင်းပင်များကိုအချို့ကပိဿာချိန်နှင့်ရောင်းချကြပြီး အချို့ကမူ အပင်လိုက်နုတ်၍ ရောင်းချပြီး တစ်ပင်လျှင် ကျပ် ၄၀၀၊ ကျပ် ၅၀၀ အထိ ဈေးရရှိသောကြောင့် မုန်ညင်းပင်ကို စီးပွားဖြစ်စိုက်ပျိုးသူများ အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## မကွေးဒေသထွက် ပျားရည်များ နှစ်စဉ် တန်ချိန် ၂၀၀ခန့် ပြည်ပ တင်ပို့နေရ



မကွေးတိုင်းဒေသကြီးမှ ပျားရည်တန်ချိန် ၃၀၀ ခန့် နှစ်စဉ်ထွက်ရှိပြီး တန်ချိန် ၂၀၀ ခန့်ကို ပြည်ပသို့ တင်ပို့နေရကြောင်း ပျားမွေးမြူရေး တောင်သူများထံမှ သိရသည်။ ဒေသထွက် ပျားရည် အမျိုးအစားများမှာ ဇီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်နှင့် ပန်းပေါင်းစုံပျားရည်တို့ဖြစ်ပြီး ပြည်တွင်းတွင်တော့ နှစ်စဉ် ပျားရည် တန်ချိန် ၁၀၀ ခန့် စားသုံးလျက်ရှိကြောင်း သိရသည်။

"ပျားရည်ထုတ်လုပ်တဲ့အခါမှာ ပျားအုံတွေမှာ ပျားပြည့်မပြည့်၊ ပျားရည်ထုတ်လုပ်မှု အချိန်ရောက်မရောက်၊ ရင့်မှည့်မှု ရှိ၊ မရှိ ပျားမွေးမြူတဲ့ ပညာရှင်ကနေ စစ်ဆေးပါတယ်။ ပြီးရင် ပျားသလက်ချပ်တွေ ထုတ်ယူပြီးတော့ ပျားရည်ဘို့ပေါ်မှာပိတ်နေတဲ့ ဖယောင်းတွေကို ပါးလွှာအောင် လှီးခွာပြီးတော့ အပေါက်ဖွင့်ပေးပါတယ်။ ပြီးရင် ပျားရည်ထုတ်တဲ့စက်ထဲ ပျားသလက်ချပ်များကို ထည့်လိုက်ပြီးတော့ သန့်ရှင်းတဲ့ပျားရည်ကို ထုတ်ယူပါတယ်။ ပျားရည် ထုတ်တာကိုလည်း ပြည်သူတွေကို သင်တန်းတွေပေးနေပါတယ်။ ဒီထက်ပိုပြီး အရည်အသွေးပြည့်ဝတဲ့ ပျားရည်တွေ ထုတ်နိုင်ဖို့ကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိနေပါတယ်" ဟု ပျားမွေးမြူရေး တောင်သူတစ်ဦးက ဇန်နဝါရီ ၂၅ ရက်တွင် ပြောသည်။

အရည်အသွေးပြည့်ဝသည့် ပျားရည်များ ထွက်ရှိ၍တန်ချိန် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန် ပျားမွေးမြူရေး တောင်သူများကို သက်ဆိုင်ရာ ဌာနမှ လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိသည့်အပြင် ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်များဖြင့် မွေးမြူနိုင်ရန်အတွက် ပျားမွေးမြူရေးဆိုင်ရာ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မကွေးတိုင်းဒေသကြီးအတွင်း၌ မြို့နယ် ပျားစခန်းခြောက်ခုနှင့် ပုဂ္ဂလိကပျားမွေးမြူသူ ၇၈ ဦးရှိပြီး ပျားအုံပေါင်း ၁၃၀၀၀ ကျော်ရှိကာ နှစ်စဉ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်နှင့် ဇီးပျားရည်က ၆၀ ရာခိုင်နှုန်း၊ နေကြာပျားရည်က ၃၀ ရာခိုင်နှုန်း၊ ပန်းပေါင်းစုံပျားရည်က ၁၀ ရာခိုင်နှုန်း ထွက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် နေကြာပျားရည်က ဈေးနှုန်းအများဆုံးရရှိကြောင်း သိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ဂျပန်၊ တရုတ်၊ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သို့ အဓိက တင်ပို့လျက်ရှိကြောင်း ပျားမွေးမြူရေးတောင်သူများထံမှ သိရသည်။

**ပန်းဆု**

## မြန်မာ့မျှစ်ခြောက် ပြည်ပအဝယ်ကမ်းလှမ်းမှု ပိုများလာ

မြန်မာနိုင်ငံကထွက်ရှိသည့် မျှစ်ခြောက် ထပ်တိုးတန်ဖိုးမြှင့်ထုတ်ကုန် (Value Added Products)များကိုပြည်ပနိုင်ငံအချို့က ဝယ်ယူရန် ကမ်းလှမ်းမှု ပိုမိုများပြားလာကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မျှစ်လုပ်ငန်းအစုအဖွဲ့မှ သိရသည်။

လက်ရှိတွင် မြန်မာ့မျှစ်ခြောက်ကို ဂျပန်နိုင်ငံက အများဆုံးဝယ်ယူနေခြင်းဖြစ်ပြီး တရုတ်၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း မှာယူလျက်ရှိကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောသည်။

"ဂျပန်ကိုတော့ ဦးစားပေးစနစ်နဲ့အများဆုံး တင်ပို့ရတယ်။ ဂျပန်က မျှစ်ခြောက် တန်ချိန် ၂၀၀ လောက် ဝယ်ယူလိုပေမယ့် တန်ချိန် ၂၀ လောက်ပဲ တင်ပို့နိုင်ဖို့ ခန့်မှန်းထားပါတယ်။ သဘာဝ မျှစ်အစိုက ပေါ်ချိန်တုန်းက ဝယ်ယူစုဆောင်းတာမှာအခက်အခဲတွေရှိတယ်။ ပြီးတော့ ကုန်ကြမ်းရရှိတာ နည်းပါးလာသည့်အတွက်လည်း ပြည်ပဝယ်လက် နိုင်ငံတွေရဲ့ကမ်းလှမ်းချက်အတိုင်း ပြည့်မီဖို့ လိုအပ်နေသေးတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ မျှစ်ကို မိရိုးဖလာနည်းအတိုင်း ချိုးလေ့ရှိပြီး သဘာဝအလျောက် ပေါက်ရောက်သည့် ဝါးတောများတွင် ဦးသူစနစ်ဖြင့် ချိုးယူကြခြင်းဖြစ်ကြောင်း သိရသည်။

မျှစ်စိုက်ပျိုးမှုကို ပြည်တွင်း၌ နည်းပညာစိုက်ခင်းအဆင့်အနေဖြင့် မဆောင်ရွက်နိုင်သေးသည့်အတွက် လက်ရှိတွင် ပြန်လည်ထိန်းသိမ်းမှုအပိုင်း အားနည်းလာခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် မျှစ်ရရှိမှုနှုန်းနည်းပါးလာကြောင်း သိရသည်။ ယင်းအပြင် လုပ်ငန်းရှင်က စိုက်ပျိုးထားသည့် ဝါးစိုက်ခင်းတစ်ခုတည်းတွင် မျှစ်ကို ထုတ်ယူမည်ဆိုပါကလည်း လိုအပ်သည့် ကုန်ကြမ်းပမာဏ ပြည့်မီရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့မျှစ်ခြောက် လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဝါးတောများ ထိန်းသိမ်းရန် လိုအပ်ပြီး နိုင်ငံတော်အစိုးရသက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအပြင် လုပ်ငန်းရှင်၊ ပြည်သူနှင့် ပညာရှင်များလည်း ပူးပေါင်းကူညီပေးစေလိုကြောင်း ဦးကျော်ဝင်းက ပြောသည်။

အဆိုပါ မျှစ်ခြောက် ပြုလုပ်ရန်အတွက် မျှစ်အစိုကို နှစ်စဉ် ဇူလိုင်လမှနေ၍ စက်တင်ဘာလအထိ စုဆောင်းရခြင်းဖြစ်ပြီး နိုဝင်ဘာမှ မတ်ကုန်အထိ အခြောက်ခံကာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ပျော်ဘွယ်မြို့နယ် ကျေးရွာများတွင် ခရမ်းချဉ်(ဆောင်းသီး)များ စိုက်ပျိုးအောင်မြင်လျက်ရှိ

ကျေးရွာများတွင် ခရမ်းချဉ် (ဆောင်းသီး) စိုက်ပျိုးတောင်သူ ၁၀ ဦးခန့်ရှိပြီး ဧက ၂၀ ခန့် အောင်မြင်စွာ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လဆန်းတွင် ခူးဆွတ်ရကြောင်း၊ ရွှေဖရုံမျိုးများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ အရင်းအနှီးနည်းပြီး အချိန်တိုအတွင်း ငွေရလွယ်သောသီးနှံဖြစ်သည့်အတွက် အများအားဖြင့် နှစ်စဉ် ပုံမှန်စိုက်ပျိုးကြကြောင်း သိရသည်။ ထွန်ယက်ခ၊ စိုက်ပျိုးခ၊ သွင်းအားစုစရိတ်၊ လုပ်သားခ စရိတ်အားလုံးပေါင်း တစ်ဧကကုန်ကျစရိတ် ကျပ် ၂၅၀၀၀၀ ခန့်သာ ကုန်ကျကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာ ၅၀၀ ခန့် ထွက်ရှိကြောင်း၊ ယခင်နှစ်ဈေးနှုန်း တစ်ပိဿာ ကျပ်၇၀၀မှ၁၅၀၀ဖြင့် ရောင်းချရပြီး ပျမ်းမျှ ကျပ် ၁၀၀၀ဈေးဖြင့် ရောင်းချခဲ့ရကြောင်း၊ အထိုက်အလျောက် အကျိုးအမြတ်များရရှိခဲ့ကြောင်း ထွက်ရှိသည့် ခရမ်းချဉ်သီးများ တစ်ပိဿာ ကျပ် ၁၀၀၀ နှင့် အထက်ရရှိလျှင် တွက်ချေကိုက်ကြောင်း သိရပြီး ထွက်ရှိသော ခရမ်းချဉ်သီးများကို ရွာအရောက် လာဝယ်ယူသောပွဲစားများနှင့် မြို့ပေါ်ရှိ ဒိုင်များသို့လည်း တင်ပို့ရောင်းချကြသည်။



ခရမ်းချဉ်(ဆောင်းသီး) မှာ စိုက်ပျိုးအောင်မြင်ရန် လွယ်ကူခြင်း၊ ကုန်ကျစရိတ်နည်း၍ အကျိုးအမြတ်များများရရှိခြင်း၊ အချိန်တိုအတွင်း ငွေရလွယ်ခြင်း၊ ပြည်တွင်းစားသုံးမှုများသည့်အတွက် ဈေးကွက် မခက်ခဲခြင်း စသည့်အချက်များကြောင့် အခြားတောင်သူများလည်း စိုက်ပျိုးသင့်ကြောင်း သိရသည်။

**စန်းအောင်(မိတ္ထီလာ)**

## လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးအတွင်းရှိ ငါးဈေးနှုန်းများ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းရှိ ရွှေပိတောက် ငါးဈေးတွင် ဇန်နဝါရီ စတုတ္ထပတ်အတွင်း ဝင်ရောက်ခဲ့သော ရေချိုငါးများ၏ တစ်ပိဿာဈေးနှုန်းများမှာ ငါးမြစ်ချင်း အနိမ့်ဆုံး ကျပ် ၄၅၀၀ မှ အမြင့်ဆုံးကျပ် ၇၀၀၀၊ ငါးကြင်း ကျပ် ၆၅၀၀ မှ ၁၃၀၀၀ ၊ ငါးသလောက် ကျပ် ၉၅၀၀ မှ ၄၅၀၀၀ ၊ ငါးခေါင်းပွ ကျပ် ၃၃၀၀ မှ ၇၀၀၀၊ ငါးဘတ် ကျပ် ၁၅၀၀၀ မှ ၂၅၀၀၀၊ ကကတစ် ကျပ် ၁၄၀၀၀ မှ ၂၀၀၀၀ တို့ဖြစ်သည်။

ထို့ပြင် ငါးနုသန်း ကျပ် ၁၀၀၀၀ မှ ၁၇၀၀၀၊ ငါးခူ ကျပ် ၄၀၀၀ မှ ၁၂၀၀၀၊ ငါးဖီးမ ကျပ် ၂၅၀၀ မှ ၅၅၀၀၊ ငါးတန်(မြစ်) ကျပ် ၆၀၀၀ မှ ၈၀၀၀ ၊ ငါးတန်(မွေး) ကျပ် ၃၀၀၀ မှ ၅၀၀၀၊ ငါးခုံးမ ကျပ် ၂၀၀၀ မှ ၅၀၀၀၊ ငါးရံ့ ကျပ် ၉၅၀၀မှ ၁၆၀၀၀၊ ပုစွန် (ကျော့) ကျပ် ၁၂၀၀၀ မှ ၄၀၀၀၀၊ ပုစွန် ကျပ် ၂၅၀၀၀ မှ ၄၅၀၀၀၊ ငါးမျက်ကြယ် ကျပ် ၂၅၀၀ မှ ၄၀၀၀၊ ပီဇာ ကျပ် ၃၀၀၀ မှ ၅၅၀၀၊ ငါးနှပ်(အာပြဲခြောက်) ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ကင်းမွန် ကျပ် ၁၃၀၀၀ မှ ၁၈၀၀၀ ၊ ပလာတူး ကျပ် ၃၀၀၀ မှ ၄၀၀၀၊ ရွှေငါး ကျပ် ၃၀၀၀ မှ ၄၀၀၀၊ ပြည်ကြီးငါးကျပ် ၁၃၀၀၀ မှ ၃၅၀၀၀တို့ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ စုံစမ်းသိရှိရသည်။

West DOCA (TSBO)

# “စီးပွားရေးနဲ့ ပတ်သက်တာတွေ သင်ကြားခွင့်ရခဲ့တာကြောင့် တစ်ဆစ်ချိုး ပြောင်းလဲခဲ့ပါတယ်။”

## Wynn Mandalay ကုမ္ပဏီ Founder ဒေါက်တာသင်ဇာနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စားလုပ်ငန်းများ အများဆုံး ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စား လုပ်ငန်းများ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများထူထောင်ထားပြီး ပြည်တွင်းဈေးကွက်ထဲတွင် ကြက်သွန်ကြော်၊ သီဟိုဠ်၊ စပျစ်အပြင် စားသုံးဆီနှင့် စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် Wynn Mandalay ကုမ္ပဏီ Founder ဒေါက်တာသင်ဇာနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မိရိုးဖလာ ထုတ်လုပ်နေတဲ့ အသေးစား၊ အလတ်စား ထုတ်ကုန်တွေအကြောင်း ပြောပြပေးပါဦး။**

ထုတ်ကုန်တွေအနေနဲ့ကတော့ မန္တလေးမြို့မှာ ကြက်သွန်ဖြူ၊ ကြက်သွန်ကြော်၊ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ လက်ဖက်စတာတွေကို မိရိုးဖလာ လုပ်ငန်းတွေအဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။ အရင် ၂၀၁၉ ခုနှစ်တုန်းကတော့ One Stop Mark တို့မှာ ပို့တယ်ပေါ့။ အဓိကလုပ်ငန်းကတော့ ကြက်သွန်ကြော် လုပ်ငန်းပါ။ ကြက်သွန်ကြော်ကတော့ ရန်ကုန်မြို့ နောက်ပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ဖြန့်တာပေါ့။ ကြက်သွန်ကြော်ကတော့ အမျိုးအစား လေးငါးမျိုးလောက်ရှိပါတယ်။ နောက် စပျစ်နဲ့ သီဟိုဠ်လည်း ဖြန့်ပါတယ်။ ဒီလုပ်ငန်းတွေက ဟိုတုန်းကတည်းက လုပ်ခဲ့တဲ့ မိရိုးဖလာလုပ်ငန်းတွေပါ။ ကျွန်မတို့က မိရိုးဖလာ တောင်သူတွေလည်း ဖြစ်ပါတယ်။

**ကုန်ကြမ်းတွေကို ဘယ်ဒေသတွေက အဓိက ရရှိပါသလဲ။**

ကြက်သွန်နီတို့ ဘာတို့က ကျွန်မတို့က နယ်ကဖြစ်တဲ့အခါကျတော့ ကုန်ကြမ်းကို ကိုယ်တိုင်စိုက်ပျိုးတာများပါတယ်။အခုဆိုရင် ကုန်ကြမ်းကိုကျတော့ မုံရွာတို့၊ မြင်းခြံတို့ အထက်မြန်မာပြည်ဘက်က မကွေးတို့ပေါ့။ ကိုယ်တိုင်စိုက်တာတွေလည်းရှိသလို ထပ်ဆင့်ဝယ်ယူတာတွေလည်းရှိပါတယ်။ စိုက်ခင်းတွေအနေနဲ့လည်း မန္တလေးမှာဆို ဧက ၄၀၀ ကျော်ရှိတယ်။ အဲဒီဧကတွေက ထွက်တဲ့ ကုန်ကြမ်း တွေကိုလည်း သုံးစွဲပါတယ်။ နောက် စပျစ်တို့ ဘာတို့ကျတော့လည်း မုံရွာ၊ တမူး အဲဘက်က ပြန်ပြီးတော့ ယူတာတွေရှိ တယ်။ တချို့ စပျစ်တွေကျတော့လည်း ထားဝယ်ဘက်က မှာတယ်။ စပျစ်က အိန္ဒိယက အများဆုံးမှာယူပြီးတော့ သီဟိုဠ်ကျတော့ တနင်္သာရီတိုင်းဒေသကြီးဘက်က ပြန်ယူတာပေါ့။

**ဂျပန်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ရတဲ့ ရည်ရွယ်ချက်လေး သိပါရစေ။**

ဘာလဲဆိုတော့ ကျွန်မအနေနဲ့က အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေကို သတင်းကောင်းပေးချင်တာက မြန်မာနိုင်ငံက ထုတ်ကုန်တွေ ပြည်ပပို့ချင်တယ်ဆိုရင် ကျွန်မတို့က ဝန်ဆောင်မှုပေးနေပြီပေါ့။ အဲဒီဝန်ဆောင်မှုက မိမိတို့ ထုတ်ကုန်တွေကို ခြောက်လခံအနေနဲ့ Test ယူမှာလား။ တစ်နှစ်ခံအနေနဲ့ Test ယူမှာလား။ အဲဒီအခါကျတော့ ကျွန်မတို့က သေသေချာချာ ပြောင်းလဲမှုရဲ့ အချိန်ဇယားအတိုင်း တရားဝင်ကုမ္ပဏီအနေနဲ့ လုပ်ငန်းစပြီး လုပ်ကိုင်နေပြီ ဖြစ်တာကြောင့် SME လုပ်ငန်းရှင်တွေ အတွက် ဝမ်းသာစရာ သတင်းကောင်းလို့ယူဆတယ်။ ဂျပန်နိုင်ငံရဲ့ FDA လက်မှတ်ကို ရသွားပြီဆိုရင် သူတို့လည်း ကမ္ဘာ့နိုင်ငံ အနှံ့ကို ပို့လို့ရတာပေါ့။

**ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးရေးအတွက် ဘယ်လိုလုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါလဲ။**

အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာတော့ အစစအရာရာ ပံ့ပိုးမှုက လိုအပ်နေပါတယ်။ အခုဆိုရင် ကျွန်မတို့အနေနဲ့ ပျားရည်ကိုလည်း ဂျပန်နိုင်ငံက ပြန်ဝယ်ပေးမယ်။ ပျားရည်နဲ့ ထုတ်တဲ့ ထုတ်ကုန်တွေ၊ ငှက်သိုက်နဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေကိုတော့ ကျွန်မတို့ ဥရောပကိုပို့ဖို့လုပ်ထားတယ်။ မြန်မာဘက်ကိုတော့ ပြန်ပြီးတော့ Cosmetic တစ်ခု၊ Brand တစ်ခုအနေနဲ့တော့ မသွားဘူးပေါ့။ အဲလိုလုပ်ထားတယ်။ ထိုင်းနိုင်ငံမှာကျတော့ ချင်းမိုင်မှာက ဗန်ကောက်ထက်စာရင် မြေနေရာပေါတာရယ်။ မြေနေရာ ကျယ်တာရယ်။ လုပ်အားနဲ့ ကုန်ချောပြန်ထုတ်ဖို့တွေကကျတော့ အဆင်ပြေတယ်။ ကျွန်မတို့ ကုန်ကြမ်းသယ်ပြီးတော့ ဂျပန်ဘက်ကို ကုန်ချောပြန်ထုတ်ပါမယ်။

**ကိုဗစ်ကာလတစ်လျှောက် စီးပွားရေးလုပ်ငန်း တော်တော်များများ အထိနာခဲ့တာဆိုတော့ ဘယ်လိုကျော်ဖြတ်လုပ်ဆောင်ခဲ့ရပါသလဲ။**

ကိုဗစ်ကာလရော ကိုဗစ်နောက်ပိုင်းမှာရော ဆုတ်ယုတ်သွားကြတယ်ပြောတယ်။ ကျွန်မအနေနဲ့ကတော့ တိုးတက်လာတယ်လို့ပြောလို့ရတယ်။ ကိုဗစ်ဖြစ်လို့ သူများတွေ စိတ်ထိခိုက်တယ်။ ကျွန်မတို့လည်း လုပ်ငန်းတွေရပ်တန့်သွားတာပဲ ။ခြံတွေဆိုလည်း ရပ်တန့်လိုက်ရတယ်။ သရက်ခြံတွေ အများကြီး ပိတ်လိုက်ရတယ်။ ဒါပေမဲ့ အဲဒါတွေ ခေါင်းထဲ မထည့်တော့ဘူး ။ ဘယ်က

**တိုပ္ပ**

နေစပြီး ကြိုးစားမလဲ။ ပြီးခဲ့တာတွေ မစဉ်းစားတော့ဘဲနဲ့ ရှေ့ကို ဘယ်လိုသွားမလဲ။ ဘယ်လိုလျှောက်မလဲ။ အောင်မြင်အောင် ဘယ်လိုလုပ်မလဲ စဉ်းစားတယ်။ စာတွေ ဖတ်ဖြစ်တယ်။ Business Management နဲ့ပတ်သက်လို့ သင်ယူတယ်။ စီးပွားရေးနဲ့ ပတ်သက်တာတွေ သင်ကြားခွင့်ရခဲ့တာကြောင့် တစ်ဆစ်ချိုး ပြောင်းလဲခဲ့ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

တချို့နိုင်ငံတွေမှာ ဒီလိုလုပ်ငန်းတွေလုပ်ရင် သူတို့နိုင်ငံအစိုးရက ပံ့ပိုးမှုတွေပေးတယ်။ အမှန်တကယ်ဆိုရင် ကျွန်မတို့လို အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေ တကယ်ထိုးဖောက်နေတဲ့ လူတွေကို ပံ့ပိုးပေးစေချင်တယ်။ ကျွန်မတို့က အလုပ်သမားအေဂျင်စီလည်းဖြစ်တဲ့အခါကျတော့ ကျွန်မကုမ္ပဏီကသွားတဲ့ လူတိုင်းက အလုပ်သမားဝန်ကြီးဌာနကို တရားဝင် အခွန်ဆောင်တယ်။ ကျွန်မကိုယ်တိုင်ရော အလုပ်သမားတွေကရော အခွန်ဆောင်ပြီ။ ဒါက တစ်ခုပဲရှိသေးတယ်။ အဲဒီအချိန်မှာ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းကို စလုပ်ပြီဆိုရင် နိုင်ငံတော်အခွန်ကို ဆောင်ပြီးသားဖြစ်ပြီ။ ကမ္ဘာအရပ်ရပ်ကို ထုတ်ကုန်တွေပို့ပြီဆိုရင် မြန်မာနိုင်ငံက အခွန်တွေ အများကြီးရပြီ။ နောက်တစ်ခုက MSME အုပ်စုတွေက Test တွေလာစစ်မယ်။ ဂျပန်နိုင်ငံရဲ့ Test တွေလိုချင်တယ်ဆိုရင်လည်း ကျွန်မအနေနဲ့ အခွန်ဆောင်ပြီးသား ဖြစ်တာပေါ့။ နည်းလမ်းပြခဲ့တာပေါ့။ မြန်မာလူမျိုး တစ်ယောက်အနေနဲ့ တရားဝင်အခွန်တွေ ဆောင်တယ်။ တိတိကျကျ လုပ်တယ်ဆိုတာကို ကိုယ့်အသက်အပိုင်းအခြားနဲ့ ချပြခဲ့ချင်တာပါ။ အခုအချိန်မှာ ပံ့ပိုးမှုအားနည်းသေးတဲ့အတွက် လုပ်ချင်သလောက်တော့ မပေါက်ရောက်သေးဘူး။ မအောင်မြင်သေးဘူး။ အဆက်အသွယ်တွေ နည်းလမ်းကောင်းတွေတော့ရှိနေပြီဆိုတော့ ကြိုးစားနေဆဲပါလို့ ပြောလိုပါတယ်။

■

## မော်လမြိုင်မြို့၏ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ ဇန်နဝါရီလ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၁၅၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၀၈၀၀၊ ကြံ့တံဆိပ်(အဖြူ) ကျပ် ၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

**ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး**

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ဇန်နဝါရီလ စတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ် လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ်(၃၁၀၀) မာလာမြိုင် ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန် ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာအဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၇၅၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ ဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၇၉၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၇၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ယခင်နှစ် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၇၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၃၀၀ နှင့်နှိုင်းယှဉ်ပါကလည်း တစ်ပေါင်လျှင် ကျပ် ၃၈၀ ခန့် ဈေးတက်လာခဲ့သည်။ မော်လမြိုင်မြို့မှရန်ကုန်မြို့ သို့ သယ်ယူခနှုန်းထားမှာ 50 kg ပါတစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 kg ပါတစ်ထုပ်လျှင် ကျပ် ၃၀၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၆၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း သိရပြီး သယ်ယူခမှာ ဒေသအလိုက် အနည်းအများ ကွာခြားမှုရှိကြောင်း ကုန်သည်များထံမှ သိရသည်။

**အောင်မြင့်မြတ်(မွန်)**




# ဝန်ဆောင်မှုလုပ်ငန်း နှင့် စားသုံးသူအခွင့်အရေး

သဇင်(မအူပင်)




လူတို့၏ စားဝတ်နေရေးအတွက် နေ့စဉ် ဆောင်ရွက်ရမှုများတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်ရာတွင်လည်းကောင်း၊ ဝယ်ယူစားသုံးခြင်း၊ သုံးစွဲခြင်းပြုလုပ်ရာတွင်လည်းကောင်း၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတို့ကို မဖြစ်မနေ ဆောင်ရွက်နေကြရသည်သာဖြစ်သည်။ ထိုသို့ နေ့စဉ်ဆောင်ရွက်နေသောကိစ္စများတွင် ဝန်ဆောင်မှုရောင်းဝယ်ခြင်းဆိုင်ရာလုပ်ငန်းများသည်လည်းပါဝင်မှုမနည်းလှသည်ကိုတွေ့နိုင်သည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် နေ့စဉ် မဖြစ်မနေ ထိတွေ့အသုံးပြုနေရသဖြင့် မိမိတို့ဝယ်ယူအသုံးပြုနေရသည့် ဝန်ဆောင်မှုကဏ္ဍအကြောင်းကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ရန် လိုအပ်လာသည်။

ထုတ်ကုန်နှင့် ဝန်ဆောင်မှု ကွာခြားချက်မှာ ထုတ်ကုန်ကို ထိတွေ့၍ရသည်။ ဝန်ဆောင်မှုကို ထိတွေ့၍မရဟု နားလည်ထားသည်။ထုတ်ကုန်ကို ဝယ်ယူချိန်တွင် ပိုင်ဆိုင်မှုကိုလွှဲပြောင်းနိုင်သည်။ ဝန်ဆောင်မှုတွင် ပိုင်ဆိုင်မှုကို ယေဘုယျအားဖြင့် လွှဲပြောင်းခြင်းမရှိ။ ထုတ်ကုန်ကိုတစ်ဆင့် ပြန်လည်ရောင်းချ၍ရသော်လည်း ဝန်ဆောင်မှုကို ပြန်လည်ရောင်းချရန်မှာမဖြစ်နိုင်ပါ။ ဝယ်ယူခြင်းမပြုမီ ထုတ်ကုန်ကို ပြသနိုင်သည်။ ဝယ်ယူခြင်း သို့မဟုတ် တန်ဖိုးပေးဆောင်ခြင်းမပြုမီ ဝန်ဆောင်မှုမှာ မြင်ရနိုင်ခြင်းမရှိသေးပါ၊ မတည်ရှိနိုင်သေးပါ။ ဆင်တူ နမူနာကိုသာပြနိုင်သည့်အခြေအနေရှိသည်။ ကုန်ပစ္စည်းကို ဂိုဒေါင်တွင် သိုလှောင်နိုင်သည်။ သို့သော် ဝန်ဆောင်မှုကို သိုလှောင်မထားနိုင်ပါ။

ထုတ်ကုန်ကို မသုံးစွဲမီ၊ မရောင်းချမီ ကြိုတင်ထုတ်လုပ်ထားရသည်။ ဝန်ဆောင်မှုတွင် ထုတ်လုပ်ခြင်းနှင့်သုံးစွဲခြင်းမှာ တစ်ပြိုင်နက်ဖြစ်ပေါ်ခြင်းသာဖြစ်သည်။ ထုတ်ကုန်ကို သယ်ယူတင်ပို့နိုင်ပါသည်။ ဝန်ဆောင်မှုကို ထိုသို့မပြုလုပ်နိုင်ပါ။ (သို့သော် ထုတ်လုပ်သူများကိုမူ ပို့ဆောင်နိုင်ပါသည်။) ကုန်ပစ္စည်းကို ထုတ်လုပ်မှုသည်ရောင်းချရန်အတွက်ဖြစ်သကဲ့သို့ ဝန်ဆောင်မှုကို ထုတ်လုပ်သည့်ဖြစ်စဉ်တွင် ဝယ်ယူမှုသည် တိုက်ရိုက်ပါဝင်ပတ်သက်သည်။ ကုန်ပစ္စည်းတွင် ရောင်း သူနှင့် ဝယ်သူကြားတွင် တိုက်ရိုက်မဟုတ်သော ဆက်သွယ်မှုဖြစ်တည်နိုင်သည်။ တစ်နည်းဆိုရလျှင် ထုတ်လုပ်သူသည်ရောင်းချသူဖြစ်နိုင်သော်လည်း ဝယ်ယူသူသည် ကိုယ်တိုင်သုံးစွဲရန် ဖြစ်နိုင်သကဲ့သို့ တစ်ဆင့်ရောင်းချမည့်သူ ကုန်သည်၊ ပွဲစားလည်း ဖြစ်နိုင်သည်။

ထို့အပြင် ရောင်းချသူသည် ထုတ်လုပ်သူဖြစ်ချင်မှဖြစ်ပါမည်။ သို့ရာတွင် ဝန်ဆောင်မှု တော်တော်များများတွင် ရောင်းချသူနှင့် အသုံးပြုသူတို့ တိုက်ရိုက်ဆက်သွယ်မှုလိုအပ်သည်။ ဝန်ဆောင်မှုကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လာသည့်အခါတွင် ဝန်ဆောင်မှုကို ရောင်းချသူနှင့် ဝယ်ယူသုံးစွဲသူဟု ဖြစ်ပေါ်လာပါသည်။ ထိုကဲ့သို့ ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းတွင် ဝယ်ယူသူ သို့မဟုတ် အခကြေးငွေပေး၍ ဝန်ဆောင်မှုကို ရယူသူသည် စားသုံးသူ(Consumer)ဖြစ်လာသည်။

ဝန်ဆောင်မှုကိုရောင်းချခြင်းဆိုရာတွင် စားသုံးသူကိုယ်တိုင်ကိုဖြစ်စေ (ဥပမာ-ဆံပင်ညှပ်ခြင်း၊ စားသုံးသူပိုင်ဆိုင်သော ပစ္စည်းကိုဖြစ်စေ (ဥပမာ-အဝတ်လျှော်မီးပူတိုက်ပေးခြင်း၊ မော်တော်ကား ပြင်ခြင်း၊ မျက်နှာခွဲစိတ်ပြုပြင်ခြင်း) စားသုံးသူ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာကိုဖြစ်စေ တစ်နည်းတစ်ဖုံအားဖြင့် ပံ့ပိုးဆောင်ရွက်ပေးခြင်း (ဥပမာ-စတော့ရှယ်ယာများ စီမံခန့်ခွဲခြင်း၊ ဘဏ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးခြင်း)ဖြစ်သည်။

သို့ဖြစ်၍ ဝန်ဆောင်မှုကို ရောင်းချသူ၏ လုပ်ဆောင်မှုသည် ကြော်ငြာသည့်အတိုင်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူသုံးစွဲသူ၏ ကျေနပ်လက်ခံမှုရှိရန် လိုအပ်သည်။ အကယ်၍ ကြော်ငြာသည့်အတိုင်းမဖြစ်လျှင် သို့မဟုတ် သုံးစွဲသူက ကျေနပ်လက်ခံခြင်းမရှိလျှင် ရောင်းသူနှင့် ဝယ်သူကြားတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

## 0efaqmifrIt&nftaoG

ဝန်ဆောင်မှုကို ရောင်းချသူသည် အရည်အသွေးမီရန် လိုအပ်သည်။ ဝန်ဆောင်မှုတစ်ခုကို မည်သို့အရည်အသွေးမီ မမီ တိုင်းတာပါမည်နည်း။ ထိတွေ့ကိုင်တွယ်၍ရသော ဝန်ဆောင်မှု ရောင်းချခြင်းတွင် စားဖွယ်သောက်ဖွယ်များ ပြုလုပ်ပေးခြင်း (ဥပမာ- အသုပ်စုံရောင်းခြင်း၊ ထမင်းဟင်း ရောင်းချခြင်း) အဝတ်လျှော်ဖွပ်သန့်စင်ခြင်း စသည်တို့ပါဝင်ပြီး ထိတွေ့ကိုင်တွယ်၍ မရသော ဝန်ဆောင်မှုလုပ်ငန်းတွင် စာသင်ကြားပေးခြင်း၊ဆေးကုပေးခြင်းကဲ့သို့လုပ်ငန်းများ ပါဝင်ပါသည်။

အဆိုပါ ဝန်ဆောင်မှုများကို ရောင်းချရာတွင် သတ်မှတ်ထားသော တန်ဖိုးပေး၍ သုံးစွဲသူက ကျေနပ်လက်ခံသည့်အခြေအနေမျိုးဖြစ်မှသာ အရည်အသွေးရှိသော ဝန်ဆောင်မှုဟု ဆိုနိုင်သည်။ သို့မဟုတ်ပါကလည်း ကြော်ငြာထားသည့်အတိုင်း နမူနာပြသထားသည့်အတိုင်းဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ အရည်အသွေးမီသော ဝန်ဆောင်မှုဟုဆိုနိုင်ပါမည်။ ထမင်းဟင်းရောင်းချရာတွင် စားသုံးသူသည် အရသာရှိမှု၊ မျှတသောတန်ဖိုးရှိမှု၊ နှစ်သက်ဖွယ်သော ဆက်ဆံရေးရှိမှု၊ ဆိုင်၏အခင်းအကျင်း ကောင်းမွန်မှု၊ အသုံးအဆောင်များမှာ ပေးရသော တန်ဖိုးဖြင့် မျှတမှု စသည်များဖြင့် ထိုဆိုင်၏ဝန်ဆောင်မှု အရည်အသွေးကို တိုင်းတာမည်ဖြစ်သည်။ အဓိက လိုအပ်ချက်ဖြစ်သော အရသာ ကောင်းမွန်မှု မရှိပါက စားသုံးသူ နည်းပါးလာမည်သာဖြစ်သည်။

ထို့အတူပင် သင်ကြားရေးပိုင်းတွင်လည်း တပည့်များ အရည်အသွေးတိုးတက်မှု၊ သတ်မှတ်ထားသော ပညာရေးစံများ ရရှိမှုမြင့်မားမှုများရှိရမည်ဖြစ်သည်။ အောင်ချက်ကောင်းသော ကျောင်းဖြစ်ရပါမည်။ ဂုဏ်ထူးပါဝင်မှုကောင်းသော ကျောင်းဖြစ်ရမည်။ ထိုကဲ့သို့ အချက်များသည် ရောင်းချသော ဝန်ဆောင်မှုအား တိုင်းတာသော အရည်အသွေးများပင် ဖြစ်ကြသည်။ အရည်အသွေးထိန်းသိမ်းနိုင်ရန် အတွက် မှန်ကန်သော ရည်မှန်းချက်များ ချမှတ်ခြင်းနှင့် လုပ်ငန်းစဉ် သတ်မှတ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်မှုကို စောင့်ကြည့်ခြင်းအားဖြင့် ဝန်ဆောင်မှု၏ လုပ်ဆောင်မှုကို မှန်ကန်မှု ရှိ၊ မရှိ လမ်းညွှန်ပေးနိုင်ပါသည်။ အကယ်၍ မူလလမ်းကြောင်း သို့မဟုတ် စံသတ်မှတ်ချက်မှ သွေဖည်မှုများ ပေါ်ပေါက်ပါက အလျင်အမြန် ဝင်ရောက်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးနိုင်သည်။

စားသုံးသူကာကွယ်ရေးဥပဒေအရဝန်ဆောင်မှုကဏ္ဍကိုအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဝန်ဆောင်မှုဆိုသည်မှာ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏လိုအပ်ချက်ကို တန်ဖိုးဖြင့်ဖြစ်စေ၊ တန်ဖိုးမပါဘဲဖြစ်စေ၊ ဖြည့်ဆည်းပေးသည့်ဆောင်ရွက်မှုကိုဆိုသည်။ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် ဝန်ဆောင်မှုပေးသည့်ကိစ္စအတွက် အာမခံချက်နှင့်စပ်လျဉ်း၍ အခန်း(၁၃)တွင် “(က) မိမိဝန်ဆောင်မှုနှင့် စပ်လျဉ်း၍သတင်းအချက်အလက်များကို စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း။ (ခ)မှန်ကန်သော သတင်းအချက်အလက်နှင့် ပြည့်စုံသောဝန်ဆောင်မှု အဆင့်အတန်းနှင့်အညီ ပြည့်ဝစွာ ပေးရမည်။ (ဂ) စားသုံးသူ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရမည်။ (ဃ)အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ပေးခြင်း၊ (င)စားသုံးသူ သဘောတူညီထားသည့်ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်ရမည် ဖြစ်သည်”ဟု ဖော်ပြထားသည်။

လုပ်ငန်းရှင်သည် မိမိဝန်ဆောင်မှုပေးသည့်လုပ်ငန်းအပေါ်တွင် စားသုံးသူသိရှိနားလည်နိုင်စေရန် ပါဝင်သည့် သတင်းအချက်အလက်အပြည့်အစုံကို ကြိုတင်သိရှိနိုင်စေရန် ဖော်ပြမှုဖြင့် ရောင်းချနိုင်သည်။ စားသုံးသူအား လွဲမှားသော သတင်းအချက်အလက်ပေးပြီးမှ ကြော်ငြာထားသည့်အတိုင်း ဝန်ဆောင်မှုများ ပျက်ကွက်ခဲ့လျှင် စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးနိုင်ခြင်းကြောင့်၊ စားသုံးသူနှင့် လုပ်ငန်းရှင်အကြား အငြင်းပွားဖွယ်ကိစ္စရပ်ဖြစ်ပေါ်လာနိုင်သဖြင့် မိမိတို့ဝန်ဆောင်မှု အဆင့်အတန်းကို မြှင့်၍သာလုပ်ငန်းကိုဆွဲဆောင်ရန် လိုအပ်သည်။ စားသုံးသူသည် ၎င်းတို့နှစ်သက်သော ဝန်ဆောင်မှုကိုသာ စားသုံးသူစိတ်ကြိုက် ရွေးချယ်ခွင့်ရှိ၍ မိမိလိုအပ်ချက်နှင့်ကိုက်ညီသော ဝန်ဆောင်မှုကို ရွေးချယ် အသုံးပြုနိုင်သည်။ လုပ်ငန်းရှင်တို့သည် မည်သို့သော ဝန်ဆောင်မှုကိုမဆို ပေးထားသော အာမခံချက်နှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုမျိုးသည်သာ စားသုံးသူကို ပေးဆောင်သင့်သည်။

အရည်အသွေးမြင့်မားသော ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းတွင် ကြော်ငြာစရိတ်နှင့် ဈေးကွက်ဖော်ဆောင်ရေးစရိတ်များကို လျှော့ချနိုင်သည်။ အရည်အသွေးမြင့်မားစွာ ဆောင်ရွက်ပေးခြင်းဖြင့် ဖောက်သည်များ၏ အကြိမ်ကြိမ် ဝယ်ယူခြင်းကို ရရှိနိုင်ပါသည်။ သစ္စာရှိဖောက်သည်များကို တိုးပွားစေပါသည်။ ဖောက်သည်များသည် သူ၏မိတ်ဆွေများနှင့်ဆက်စပ်ရာကိစ္စများတွင် ဝန်ဆောင်မှုအရည်အသွေးကောင်းကြောင်းကို သတင်းအချက်အလက် ဖြန့်ဝေမည်ဖြစ်သဖြင့် အခမဲ့ရရှိသော ဈေးကွက်ဖော်ထုတ်ခြင်းဖြစ်လာသည်။ ထို့အပြင် ဖောက်သည်များက အကြိမ်ကြိမ် ပြန်လည်ဝယ်ယူသုံးစွဲခြင်း၊ အားပေးခြင်းသည် အခြားသူများအား အရည်အသွေးရှိကြောင်း ကြော်ငြာပေးသကဲ့သို့ဖြစ်စေပါသည်။ ထို့ကြောင့် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုလုပ်ငန်းများတွင် စားသုံးသူများထံမှ ကျေနပ်လက်ခံမှုအပြည့်အဝရရှိသဖြင့် အငြင်းပွားမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

## pm;oHk;olt cGt a&;

“စားသုံးသူဟူသည့် လူသားတို့သည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည် ချေးငှားခြင်း ပြုလုပ်သူများ သို့မဟုတ် ပေးကမ်းထောက်ပံ့ခြင်းခံရသူများကို ဆိုလိုသည်” ဟု စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မည်သို့ပင်ဆိုစေကာမူ ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးကို တိုင်းတာနိုင်မှုစံချိန်စံညွှန်းများကို ချမှတ်ရန် ခက်ခဲတတ်သဖြင့် စားသုံးသူများ၏ကျေနပ်မှုနှင့် နစ်နာမှုများကို ခွဲခြားဖော်ထုတ်ပြသရန်လည်း ခက်ခဲတတ်သည်။ အခြေခံ လိုအပ် ချက်မှာစားသုံးသူ၏ ကျေနပ်ခြင်း Satisfaction သာဖြစ်သည်ကို တွေ့နိုင်သည်။ တစ်ဖက်ကကြည့်လျှင်လည်း စားသုံးသူများတွင် ဆက်ဆံရခက်ခဲသည့် စားသုံးသူများ၊ ဒေါသကြီးသော စားသုံးသူများ၊ အရာရာကို မကျေနပ်တတ်သည့် စားသုံးသူများစသည့် ပုဂ္ဂိုလ်မျိုးလည်း ပါဝင်လာတတ်ပါသည်။ ထိုကဲ့သို့အခြေအနေမျိုးကို ကြားဝင်စေ့စပ်ဖျန်ဖြေပေးရမည့်သူများသည် အဂတိတရားကင်းစွာ ကြည့်ရှုစိစစ်နိုင်ရန် လိုအပ်လာသည်။ အငြင်းပွားမှုကို ဖြေရှင်းပေးမည့်သူများသည် အဂတိ တရားကင်းစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်ပြီး ဖွဲ့စည်း၍ ဆောင်ရွက်နေသည်။ ထို့ကြောင့် ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ရေးတွင် အခြားသက်ဆိုင်ရာ ဌာနများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်နေသကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး တိုးတက်ရေးတွင်လည်း အခြားသော သက်ဆိုင်ရာဌာနများနှင့်အတူ ဆောင်ရွက်နေသည်။

**စာမျက်နှာ - ၂၁ သို့**

# ဆိပ်ဖြူမြို့နယ်၌ မိုးကြက်သွန်နီ(ဥ)စိုက်တောင်သူများ အကျိုးအမြတ်ရရှိနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် နှစ်စဉ် ကိုင်းကျွန်းမြေများတွင် ကြက်သွန်နီ(ဥ)စိုက်ကို စိုက်ဧက ၉၀၀ ဝန်းကျင်ခန့် ဒေသစီးပွားဖြစ် စိုက်ပျိုးကြသည်။ မိုးကြက်သွန်နီ(ဥ)စိုက်ကို အောက်တိုဘာလလယ်မှ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးကြပြီး ဇန်နဝါရီလဆန်းပိုင်းမှ ဖေဖော်ဝါရီလအထိ တူးဖော်ကြသည်။ ယခုနှစ်တွင် ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိသော ကြက်သွန်နီကို စိုက်ဧက ၁၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးကြောင်း သိရှိရသည်။

မိုးကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တစ်ဧကလျှင် မျိုးဥ ဝယ်ယူခ၊ သွင်းအားစု ဝယ်ယူခ၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ်သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးချိန်ရာသီနှင့် သွင်းအားစုသုံးစွဲပုံ မတူညီ၍ ကွာခြားမှုရှိကြောင်း ယခင်နှစ်စိုက်ပျိုးချိန်တွင် ရာသီဥတု ကောင်းမွန်၍ တစ်ဧကလျှင် ပိဿာ ၃၅၀၀-၆၀၀၀ အထိ ထွက်ရှိပြီး သီးနှံပေါ်ချိန် ဒေသတွင်း ပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၂၅၀၀ ဈေးအသီးသီးဖြင့် ရောင်းချခဲ့ရကြောင်း၊ ယခုနှစ် စိုက်ပျိုးချိန်တွင် ရာသီဥတုဖောက်ပြန်၍ အထွက်နှုန်း လျော့ကြောင်း၊ တစ်ဧက ပိဿာ ၃၀၀၀-၄၀၀၀ ခန့်အထိသာ ထွက်ရှိကြောင်း၊ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စ ဒေသပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀-၂၂၀၀ဈေးဖြင့် ရောင်းချရပြီး တစ်ဧက အထွက်နှုန်းပိဿာ ၃၅၀၀ ခန့်ထွက်ရှိ၍ ကျပ်သိန်း ၇၀ ခန့်ဝင်ငွေရရှိပြီး အကျိုးအမြတ်အနေဖြင့် ကျပ် သိန်း ၄၀ ခန့် ရရှိကြောင်း ဆိပ်ဖြူမြို့ ရွာသစ်ကျေးရွာရှိ မိုးကြက်သွန်နီ(ဥ)စိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

မိုးကြက်သွန်နီ (ဥ)စိုက် ဈေးကွက်သည် တောင်သူများ တူးဖော်ရောင်းချချိန်တွင် အချိန်နှင့် တစ်ပြေးညီ နေ့စဉ်နှင့်အမျှ ဝယ်လိုအား ဈေးကွက်အပေါ် မူတည်ပြီး ဈေးနှုန်း ပြောင်းလဲမှုရှိ၍ တောင်သူတစ်ဦးချင်းမှာ အကျိုးအမြတ်ရရှိပုံ မတူညီကြောင်း ဒေသခံ စိုက်တောင်သူမှပြောသည်။

ဆိပ်ဖြူမြို့မှ ထွက်ရှိသည့် ကြက်သွန်နီများကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပ ပို့ကုန်အဖြစ် ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဈေးကွက် အခိုင်အမာရရှိသည့်အပြင် မိမိဒေသစီးပွားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ စီးပွားရေးကိုပါ အထောက်အပံ့ဖြစ်စေသည့် ကြက်သွန်နီသီးနှံကို ဆိပ်ဖြူမြို့နယ်ရှိ စိုက်တောင်သူများမှ နှစ်စဉ်မပြတ် ဒေသစီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်သန်း(ပခုက္ကူ)**

# ကြောင်လျှာစေ့နှင့် ဆီးသီးအစို/ အခြောက် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော အင်းမငယ်၊ ပေါက်ပင်၊ အုန်းပင်လှ၊ စခန်းကြီး၊ မြောက်ဘော၊ တောင်ဘော၊ မင်းတည်း၊ ပျဉ်ထောင်၊ မြွေပွေး၊ ရွာသစ်၊ ကျောက်အိုင် စသည့် ကျေးရွာများမှ ထွက်ရှိသည့် ကြောင်လျှာစေ့ဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်တွင် ကြောင်လျှာဆံ တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ဈေးနှုန်းဖြင့် ပိဿာ ၆၀ မှ ၈၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒုတိယပတ်ထက် ကျပ် ၃၀၀၀ အမြင့်ဈေးဖြင့်ဝယ်ယူရပြီး ကြောင်လျှာစေ့များကို အောင်လံ၊ ပြည်၊ မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ထို့အပြင် သရက်မြို့နယ် ပတ်ဝန်းကျင်ကျေးရွာများမှ ဆီးသီး အစို/အခြောက်များလည်း လှိုင်လှိုင်ပေါ် ထွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလစတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တတိယပတ်ထက် ကျပ်၁၅၀၀အမြင့်ဈေးဖြင့် တစ်ရက်လျှင် အိတ်ရေ၂၅၀ မှ ၃၀၀၀န်းကျင်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဝယ်ယူရရှိပြီးသော ဆီးသီးများကို ဆီးသီးခွဲစက်ဖြင့် ဆီးသီးမှ ဆီးဆန်ရရှိအောင် ကြိတ်ခွဲမည်ဖြစ်ကြောင်း၊ ဆီးဆန်တစ်တင်းလျှင် ကျပ် ၅၄၀၀၀ ရှိကြောင်း၊ ဆီးဆန်များရရှိပါက အောင်လံ၊ ပြည်၊ မန္တလေးမြို့သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်ဝင်း**

*စာမျက်နှာ - ၂၀၊ ဝန်ဆောင်မှုလုပ်ငန်း . . . မှအဆက်*

စာမျက်နှာ - ၂၀၊ ဝန်ဆောင်မှုလုပ်ငန်း . . . မှအဆက်

သို့သော်လည်း ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကိုင်တွယ်ဆောင်ရွက်ရမှု၊ ဝန်ဆောင်မှုလုပ်ငန်းကို ရယူကြသည့် စားသုံးသူများအတွက် စိတ်ကျေနပ်မှုရရှိရေးသည် ပိုမို၍ နူးညံ့ပြီး စိတ်ရှည်စွာဆောင်ရွက်ပေးရန်နှင့် အမှားအယွင်းကင်းရန် များစွာလိုအပ်ပါသည်။ စားသုံးသူများကို အကာအကွယ်ပေးရမည်ဟူသော focusဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် အရည်အသွေးမြင့် ဝန်ထမ်းများဖြစ်ရန်၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုပြည့်ဝရန်နှင့်စားသုံးသူများကျေနပ်လက်ခံရန်လည်း များစွာလိုအပ်သည်။ အစဉ်လေ့ကျင့်နေရန်လည်း လိုအပ်သည်။

ထို့အပြင် ပြည်သူ့ဝန်ထမ်းဖြစ်သည်နှင့်အညီ ပြည်သူများဖြစ်သည့် စားသုံးသူများအား အကာအကွယ်ပေးရန် လိုအပ်သကဲ့သို့ နိုင်ငံ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း စောင့်ရှောက်ရန် လိုအပ်သည်။ ဆိုလိုချင်သည်မှာ နိုင်ငံ့စီးပွားရေး တိုးတက်ရန်အတွက် အရည်အသွေးမြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ၏အရည်အသွေးနှင့် ဆုံးဖြတ်ချက်များပေါ်တွင် များစွာတည်မှီနေသဖြင့် ဝန်ထမ်းများသည် မိမိတို့အရည်အသွေးနှင့် ဆုံးဖြတ်ချက်များ မှန်ကန်ရေးအတွက် အစဉ်လေ့ကျင့်နေရန် လိုအပ်သည်။ သို့မှသာ အသွားထက်သောဓားများသဖွယ် အရည်အချင်းရှိသော ဝန်ဆောင်မှုလုပ်ငန်းများကြွယ်ဝသည့် တိုင်းပြည်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်သည်။ ယူတတ်လျှင် ရသကဲ့သို့ပင် စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများသည် ကိုယ်တိုင်၏အရည်အသွေးကို တောက်ပြောင်အောင် ဆောင်ရွက်ရင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး တိုးတက်အောင် ဖန်တီးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြစ်သော မညာရန်၊ မညှာရန်၊ မညစ်ရန်နှင့် မညှစ်ရန် ဟူသော "ည"လေးလုံးကို လက်ကိုင်ထား ပြီး စားသုံးသူကို ညာခြင်းမပြုရန်၊ လုပ်ငန်းရှင်ထံမှ လာဘ်ယူ၍လုပ်ငန်းရှင်ကို ညှာတာခြင်းမပြုရန်၊ လုပ်ငန်းရှင်ထံမှ လာဘ်ရရေးအတွက်ဖြစ်စေ၊ စားသုံးသူအားဖြေရှင်းမပေးချင်သဖြင့်ဖြစ်စေ ညစ်ပတ်ခြင်းမပြုရန်နှင့် လာဘ်ရရေးအတွက် ညှစ်ထုတ်ခြင်းမပြုရန်ဟူသော အချက်များကို လိုက်နာသွားခြင်းဖြင့်အရည်အသွေးနှင့်စိတ်ဓာတ်ကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူကိုအလုပ်အကျွေးပြုနိုင်သည့် စားသုံးသူရေးရာဝန်ထမ်းများဖြစ်စေရန် ဆောင်ရွက်သွားကြမည်ဟု သန္နိဋ္ဌာန်ပြုရင်း တင်ပြလိုက်ရပါသည်။

**[ကိုးကား -ITpedia website၏ ဝန်ဆောင်မှုအကြောင်းသတင်းဆောင်းပါး၊ စာရေးဆရာ သရဝဏ်(ပြည်) ဘာသာပြန် ဆောင်းပါးပေါင်းချုပ်နှင့်စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉) ]**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နန်းခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ဈေးကွက်အတွင်း မြေသြဇာဈေးနှုန်း ဈေးငြိမ်နေ

မိတ္ထီလာခရိုင်သည် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သီးနှံဖြစ်သည့် ကြက်သွန်၊ ငရုတ်သီးနှံများအများအပြား စိုက်ပျိုးသော ခရိုင်တစ်ခုဖြစ်သည်။

ယခုအခါသီးနှံများဖြစ်ထွန်းအောင်မြင်ရန် အသုံးပြုသည့် သွင်းအားစုမြေသြဇာဈေးများ ဈေးငြိမ်နေသည်ကို တွေ့ရှိရသည်။ ဇန်နဝါရီလ ပထမပတ် GBS(50kg) တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ရွှေတောင်ပုလဲ (50kg ) တစ်အိတ်လျှင် ကျပ် ၇၆၅၀၀၊ အာမိုတစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ပုလဲတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ရွှေပွားပုလဲ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုဇန်နဝါရီ စတုတ္ထပတ်တွင် GBS (50kg) တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ရွှေတောင်ပုလဲတစ်အိတ်လျှင် ကျပ် ၇၆၅၀၀၊ အာမိုတစ်အိတ်လျှင် ကျ၁၄၅၀၀၀၊ ပုလဲတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ရွှေပွားပုလဲတစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဈေးရှိပြီး ယခင်ပတ်နှင့်နှိုင်းယှဉ်ပါက မြေသြဇာဈေးနှုန်းများဈေးငြိမ်လျက်ရှိသည်။ စိုက်ပျိုးရာသီချိန်မဟုတ်သည့်အတွက် အရောင်းအဝယ်ပါး၍ ဈေးငြိမ်နေကြောင်း သိရသည်။

**ချောစုထွေး(မိတ္ထီလာ)**





# တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ဇန်နဝါရီစတုတ္ထပတ်အတွင်း ညောင်တုန်း၊မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ဇန်နဝါရီစတုတ္ထပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ်(ပိဿာ)ကျပ် ၆၀၀ မှ ၁၅၀၀၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၁၅၀၀၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၃၀၀ မှ ၁၈၀၀၊ အာလူး(ပိဿာ)ကျပ် ၂၈၀၀ မှ ၃၀၀၀၊ မုန့်လာဥနီ(ပိဿာ) ကျပ် ၄၀၀၀ မှ ၄၃၀၀ ရွှေဖရုံသီး(လုံး)ကျပ် ၁၈၀၀ မှ ၅၄၀၀၊ ဘူးသီး(လုံး)ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၁၅၀၀ မှ ၁၈၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) ကျပ် ၁၇၀၀မှ ၃၃၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ)ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၉၀၀၀ မှ ၁၀၀၀၀၊ ချင်း(ပိဿာ)ကျပ် ၃၅၀၀ မှ ၄၅၀၀၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ)ကျပ် ၁၃၀၀ မှ ၂၃၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး) ကျပ် ၁၅၀၀ မှ ၈၅၀၀ အတွင်းဖြစ်ကြောင်း သိရသည်။

**လဲ့လဲ့စိုး(ရန်ကုန်)**

# မိုးညှင်းမြို့၏ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးဈေးနှုန်းများ အခြေအနေ

မိုးညှင်းခရိုင်သည် ကချင်ပြည်နယ်တွင် မိုးစပါးစိုက်ဧက အများဆုံးရှိသည့် ခရိုင်တစ်ခုဖြစ်သည့်အပြင် ဆီထွက် သီးနှံနှင့် ဆောင်းသီးနှံများ စိုက်ပျိုးမှုများပြားပြီး တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိသည့်အတွက် စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဝယ်ယူ အသုံးပြုမှုလည်းများပြားသည်။

**ဓာတ်မြေသြဇာ**

မိုးညှင်းမြို့အတွင်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဓာတ်မြေသြဇာ ဈေးနှုန်းများမှာ ယူရီးယား ၄၆%(အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀က၊ ပိုတက် 15:15:15 (တံကတိုး) 50 kg တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ကွန်ပေါင်း 10:10:5 (အာမို)50kg ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ကွန်ပေါင်း 9:9:9 (သြဘာ)50kg ပါ တစ်အိတ်လျှင် ၉၀၀၀၀ကျပ်၊ ကွန်ပေါင်း 15:15:15 (ကောမက်)50kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ အာမိုပုလဲ၄၆%(အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ကောမက်UREA ၄၆% ပုလဲ(ကောမက်) 50kg ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ပိုးသတ်ဆေး ဈေးနှုန်းများအနေဖြင့် ဗွန်ဘီ (သြဘာ)(စပါးဆစ်ကိုက်ပိုးသတ်ဆေး) 100 g ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၊ အလန်း (သြဘာ) (ကိုက်ဖြတ်ဝါးစား ပိုးသတ်ဆေး) 100 g ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ၊ ဒီမင်း (သြဘာ)(စပါး ပေါင်းသတ်ဆေး) 1Literပါ ကော်ဘူးတစ်ဘူးလျှင် ကျပ် ၂၁၀၀၀၊ အာမိုကင်း(သြဘာ)(ပဲပေါင်းသတ်ဆေး) 500CC ပါ ကော်ဘူး တစ်ဘူးလျှင် ကျပ် ၁၅၅၀၀၊ ဇီးရိုး (သြဘာ) (ထိသေမြက်သတ်ဆေး) 1Literပါ ကော်ဘူးတစ်ဘူးလျှင် ကျပ် ၁၇၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်းသိရသည်။

ယခင် ဒီဇင်ဘာလ တတိယပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက (တံကတိုး)၊ ပိုတက်15:15:15တို့သာ ဈေးအနည်းငယ်တက်ခဲ့ပြီး ကျန်ဓာတ်မြေသြဇာအမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးဈေးနှုန်းများမှာ ယခင်လတတိယအပတ် ဈေးနှုန်းထက် ယခုလပတ်တွင် ဈေးနှုန်းအနည်းငယ်စီ ကျခဲ့ကြောင်း စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများရောင်းချသည့် လုပ်ငန်းရှင်များထံမှ သိရသည်။ **ကျော်မိုးလွင်(ကချင်)**

**၁၁-၁-၂၀၂၄ မှ ၃၁-၁-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1156 | 14 | - | - | 2 | 1172 |
| | Form AANZ | 34 | - | - | - | - | 34 |
| | Form AHK | 4 | - | - | - | - | 4 |
| | Form AI | 392 | 4 | - | - | - | 396 |
| | Form AJ | 56 | 2 | - | - | - | 58 |
| | Form AK | 372 | 7 | - | - | - | 379 |
| | Form CHINA | 0 | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 12 | - | - | - | - | 12 |
| | Form E | 923 | 14 | - | - | - | 937 |
| | Form Korea | 49 | 2 | - | - | - | 51 |
| | E Form D | 876 | - | - | - | - | 876 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 3874 | 43 | - | - | 2 | 3919 |

# ကော့မှူးမြို့နယ်၌ ဈေးကွက်အတွင်း ရောင်းချနေသော အခြေခံစားသောက်ကုန် ဈေးနှုန်းများ

ဇန်နဝါရီလ စတုတ္ထပတ်တွင် ကော့မှူးမြို့နယ်၌ အခြေခံ စားသောက်ကုန်များဖြစ်သော ဆန်ကြမ်း၊ ဆန်ချောအမျိုးအစားအလိုက် ဧည့်မထတစ်ပြည်လျှင် ကျပ် ၃၆၀၀-၃၈၀၀ ထိ၊ မီးဒုံးဆန်(ရိုးရိုး)တစ်ပြည်လျှင် ကျပ် ၄၅၀၀-၄၆၀၀ ထိ၊ တောင် ပျံဆန်(ရိုးရိုး)တစ်ပြည်လျှင် ကျပ် ၄၈၀၀-၄၉၀၀ ထိ၊ ရောဝတီပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၅၀၀-၅၆၀၀ ဖြင့်လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာလျှင် ယခင်ပတ်တွင် ကျပ် ၅၄၅၀ ၊ ယခုပတ်တွင် ၅၄၇၅ ကျပ် ဈေးအနည်းငယ်တက်ပြီး၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ဖြင့် လည်းကောင်း၊ ကြက်သွန်နီ အသစ်ဆိုဒ်ဆုံ တစ်ပိဿာ လျှင်ကျပ် ၃၀၀၀-၃၅၀၀ ၊ ကြက်သွန်ဖြူ(အမွှာ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ ၊ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ နန္နွင်းမှုန့်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ရိုးရိုးဆားတစ်ပိဿာလျှင် ကျပ် ၅၀၀၊ အိုင်အိုဒင်းဆား တစ်ထုပ် လျှင် ကျပ် ၆၀၀ ၊ ငြုပ်တောင့် (အရှည်) တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ၊ ငြုပ်တောင့်(အပု) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀၊ ကုလားပဲဖုံခြမ်း တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ၊ မန်ကျီးသီးမှည့် တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀၊ ငံပြာရည် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ၊ ငါးရံ့ခြောက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀ ၊ ခေါက်ဆွဲခြောက် တစ်ထုပ်လျှင် ကျပ် ၅၀၀ ၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၂၅၀ နှင့် ဘဲဥတစ်လုံးလျှင် ကျပ် ၃၅၀-၃၇၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အလားတူ ဗမာကြက်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ CPကြက်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၈၀၀၀ စသည့်ဖြင့်လည်းကောင်း ဈေးနှုန်းအသီးသီးတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ စည်ပင်သာယာမြို့မဈေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခင်ပတ်နှင့် ယခုပတ်နှိုင်းယှဉ်ရာတွင် စားသောက်ကုန်ဈေးနှုန်းများမှာ ပြောင်းလဲမှု မရှိသော်လည်း စားအုန်းဆီဈေးနှုန်းမှာ အနည်းငယ်မြင့်တက်သွားသည်။ **တင်မင်း**

## ဗီယက်နမ်၏ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု ခန့်မှန်း

ဗီယက်နမ်သို့ နှစ်သစ်အစောပိုင်းကာလများမှပင် အပျော်စီးသင်္ဘောအများအပြား လာရောက် လည်ပတ်ခဲ့ကြပြီးဖြစ်ရာ နိုင်ငံအတွက် အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည့် အနေအထားဖြစ်ကြောင်း VN Economy အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ Khanh Hoa ပြည်နယ်ရှိ ညချမ်းမြို့သို့ Spectrum of the Seas ဖြင့် နိုင်ငံခြားခရီးသွား ၃၅၀၀ ကို ခေါ်ဆောင်လာခဲ့ပြီး Celebrity Solstice ဖြင့် ဒီဇင်ဘာလအတွင်း လေးကြိမ်နှင့် ယခုလအတွင်း တစ်ကြိမ်လာရောက်ခဲ့ပြီး မတူညီသောဒေသများသို့ နိုင်ငံခြား ခရီးသွား ၃၀၀၀ ကျော် ခေါ်ဆောင်လာခဲ့ကြောင်း ဖော်ပြထားသည်။

Thua Thien-Hue ပြည်နယ်ရှိ Chan May ဆိပ်ကမ်း၏ ညွှန်ကြားရေးမှူးချုပ် Huynh Van Toan က ခရီးသည် စုစုပေါင်း ၆၀၀၀၀ နီးပါးရှိသော အပျော်စီးသင်္ဘော ၃၂ စင်းသည် ယခုနှစ်တွင် ဆိပ်ကမ်းတွင် ဆိုက်ရောက်ရန် စာရင်းသွင်းထားကြောင်း၊ တစ်ချိန်တည်းတွင် ခရီးသည် ၄၀၀၀၀ ခန့်ရှိသော နိုင်ငံတကာအပျော်စီးသင်္ဘော ၄၅ စင်းသည် ဒါနန်းမြို့လယ်ရှိ ဒါနန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ရန် မှတ်ပုံတင်ထားကြောင်း သိရှိရသည်။

ဒါနန်း ခရီးသွားလာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Tan Van Vuong က ဒါနန်းမြို့အနေဖြင့် အပျော်စီးခရီးသွားလုပ်ငန်းကို ခရီးသွားများ၏အဓိကရင်းမြစ်အဖြစ် မှတ်ယူပြီး ဆိပ်ကမ်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကာ ဧည့်သည်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်ထားကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသို့ အပျော်စီးသင်္ဘောလာရောက်လည်ပတ်မှု တိုးလာခြင်းသည် နိုင်ငံ၏ အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းအတွက် အပြုသဘောဆောင်ပြီး ဒေသတွင်း ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည်။ အပျော်စီးသင်္ဘောလိုင်းများမှ ပေးဆောင်သည့် အခွန်အခများနှင့် အခကြေးငွေများမှတစ်ဆင့် နိုင်ငံ၏စီးပွားရေးအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ လုပ်ငန်းအမျိုးမျိုးတွင် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ပြီး နိုင်ငံတစ်နိုင်ငံ၏ အလုပ်အကိုင်နှုန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။ ဗီယက်နမ်၏ အပျော်စီးခရီးသွားလုပ်ငန်း တိုးတက်မှုသည် ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးကဏ္ဍနှစ်ခုလုံးအတွက် အလားအလာကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**စီးပွားရေးသံမှူး(ဗီယက်နမ်)**

## အင်ဒိုနီးရှားမှ ကော်ဖီတင်သွင်းမှုအပေါ် ကောက်ခံသည့် အထူးကာကွယ်ပေးမှု အကောက်ခွန် စည်းကြပ်ခြင်းဆိုင်ရာ မူဝါဒကို ဖိလစ်ပိုင် ပြန်လည်သုံးသပ်မည်

အင်ဒိုနီးရှားမှ ကော်ဖီတင်သွင်းမှုအပေါ် ကောက်ခံသည့် အထူးကာကွယ်ပေးမှုအကောက်ခွန် စည်းကြပ်ခြင်း (Special Safeguard Duties-SSG)ဆိုင်ရာမူဝါဒအား ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးက ဖိလစ်ပိုင်-အင်ဒိုနီးရှား နှစ်နိုင်ငံအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လတ်တလော ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခဲ့သည့် အင်ဒိုနီးရှားသမ္မတ၏ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် သမ္မတ ဂျိုကိုဝီဒိုဒိုက သမ္မတမားကို့စ်ထံ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးရန် အကူအညီတောင်းခံဆွေးနွေးခဲ့ကြောင်း၊ ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ကော်ဖီကဲ့သို့သော စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုနည်းလမ်းတစ်ခုအနေဖြင့် အဆိုပါ အထူးကာကွယ်ပေးမှု အကောက်ခွန်အား စည်းကြပ်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည်ကော်ဖီတင်သွင်းမှုအပေါ် ဈေးနှုန်းအခြေခံသည့်စနစ်ဖြင့် အထူးကာကွယ်ပေးမှု အကောက်ခွန် (SSG)အား ကောက်ခံလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ကော်ဖီအများအပြား တင်သွင်းခဲ့သည့် ၂၀၁၈ ခုနှစ် နောက်ပိုင်းကာလများမှ စတင်ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏ မြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူသော သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ထိခိုက်နစ်နာမှုများ မရှိစေရန်အတွက်အထူးကာကွယ်ပေးမှု အကောက်ခွန် (SSG)အား ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် နိုင်ငံများမှ ကောက်ခံသည့် အထူးအကောက်ခွန်တစ်ရပ်ပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါအခွန်ကောက်ခံသည့်အတွက် ဆိုးရွားစွာထိခိုက်ခဲ့သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး အကျိုးဆက်အားဖြင့် ၂၀၁၉ ခုနှစ်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၏ အင်ဒိုနီးရှားကော်ဖီ တင်သွင်းမှုမှာ ကျဆင်းသွားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ အသင့်ဖျော်ကော်ဖီ တင်သွင်းမှုမှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း မက်ထရစ်တန်ချိန် ၁၃၈ ဒသမ ၈၉၈ တင်သွင်းခဲ့သဖြင့် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၇၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အသင့်ဖျော်ကော်ဖီ တင်သွင်းမှုမှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ အသင့်ဖျော်ကော်ဖီ တင်ပို့သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဖော်ပြထားသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)၊ မနီလာမြို့**



## ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဆန်တင်ပို့မှု စံချိန်သစ်တင်ခဲ့

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၈ ဒသမ ၃ သန်း တင်ပို့ခဲ့ပြီး ယနေ့အထိ အမြင့်ဆုံးဝင်ငွေအမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ ဘီလီယံရရှိခဲ့ကြောင်း သိရှိရသည်။ တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် ၃၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း အစိုးရ သတင်းဖော်ပြချက်အရ သိရှိရသည်။

ပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ၆၆၃ ဒေါ်လာ မြင့်မားလာမှုကြောင့် တိုးတက်မှုနှုန်း မြင့်မားလာခြင်းဖြစ်သည်ဟု ယူဆကြောင်း၊ စုစုပေါင်း စပါးအထွက်နှုန်းမှာ တန်ချိန် ၄၃ ဒသမ ၅ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ယခုနှစ်တွင် စုစုပေါင်း စိုက်ပျိုးဧရိယာ ဟက်တာ ၇ ဒသမ ၁ သန်းရှိပြီး စိုက်ပျိုးရေးကဏ္ဍမှ စုစုပေါင်း စပါးအထွက်နှုန်း တန်ချိန် ၄၃ ဒသမ ၅ သန်းအထိ ရည်မှန်းထားကြောင်း သိရှိရသည်။

၂၀၃၀ ပြည့်နှစ်အထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအောက်တွင် စိုက်ပျိုးရေးအာဏာပိုင်များမှ ဆန်အဓိကစိုက်ပျိုးသည့်ဒေသများကို ပြန်လည်ဖွဲ့စည်းရန်နှင့် ပို့ကုန်တန်ဖိုး ပိုမိုမြင့်မားလာစေရန်အတွက် အရည်အသွေးကောင်းသော စပါးများ ထုတ်လုပ်စိုက်ပျိုးရန် ညွှန်ကြားလျက်ရှိကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်၏ ဆန်တင်ပို့မှု မဟာဗျူဟာသည် ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်နှစ်မျိုးလုံးအတွက် အရည်အသွေး မြင့်ဆန်များ ထုတ်လုပ်မှုကို မြှင့်တင်ရန် ရည်ရွယ်သည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုအတွက် စံချိန်သစ်တင်နိုင်ခဲ့ပြီး နိုင်ငံ၏ဆန်ထုတ်လုပ်တင်ပို့မှုလုပ်ငန်းကို မြှင့်တင်ခဲ့သည့်အတွက် အဆိုပါ မဟာဗျူဟာ၏ ထိရောက်မှုကို ပြသလျက်ရှိသည်။

**စီးပွားရေးသံမှူး(ဗီယက်နမ်)**

## ကြက်သွန်နီ တင်သွင်းခွင့်ကို ဖိလစ်ပိုင် ခေတ္တရပ်ဆိုင်း

ဖိလစ်ပိုင်နိုင်ငံတွင်း ကြက်သွန်နီ ရိတ်သိမ်းချိန်ကာလတွင်း အထွက်နှုန်း တိုးမြင့်နိုင်ကြောင်း ခန့်မှန်းချက်အရ နောက်လာမည့် ခြောက်လတာကာလအတွင်း ကြက်သွန်နီ တင်သွင်းခြင်းကို ရပ်ဆိုင်းပေးရန် Philippines Chamber of Agriculture and Food Inc; (PCAFI) မှ ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနသို့ တိုက်တွန်းပြောကြားခဲ့သည်။

PCAFI မှ ကြက်သွန်နီစိုက်ပျိုးသည့်ဒေသများမှ ၄၀ ရာခိုင်နှုန်းခန့် အထွက်နှုန်း တိုးမြင့်နိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းကြက်သွန်နီထွက်ရှိမှု ပိုလျှံနိုင်သဖြင့် သင့်တင့်ကောင်းမွန်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ပြည်တွင်းကြက်သွန်နီ တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလိုသည့်အခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။

Nueva Ecija ဒေသအစိုးရမှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ အဆိုပါ ဒေသတွင်း ကြက်သွန်နီထွက်ရှိမှု ၄၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ယခင်ကြက်သွန်နီ စိုက်ပျိုးလေ့မရှိသည့်အချို့ဒေသများဖြစ်သော Tarlac, Pampanga, Bataan နှင့် Zambales တို့တွင်ပင် ကြက်သွန်နီ စိုက်ပျိုးလျက်ရှိကြောင်း၊ ထို့အတွက် မိမိတို့အဖွဲ့အစည်းအနေဖြင့် ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီး Francisco P. Tiu Laurel Jr ထံသို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇူလိုင်လအတွင်း ကြက်သွန်နီ တင်သွင်းခြင်းအား ခေတ္တရပ်ဆိုင်းပေးပါရန် ယခုသီတင်းပတ်အတွင်း တရားဝင် သွားရောက်တွေ့ဆုံ၍ မေတ္တာရပ်ခံတင်ပြသွားမည်ဖြစ်ကြောင်း PCAFI မှ ပြောကြားခဲ့သည်။

အကယ်၍ ကြက်သွန်နီတင်သွင်းခြင်းအား မရပ်ဆိုင်းခဲ့ပါက မိမိတို့အနေဖြင့် စိုက်ပျိုးရရှိသည့် ကြက်သွန်နီများအား လမ်းပေါ်သို့ စွန့်ပစ်ရန်သာရှိကြောင်း၊ ဈေးကွက်တွင်းရှိ ကြက်သွန်နီလက်လီဈေးနှုန်းမှာ ယခုလအတွင်း သင့်တင့်သောဈေးနှုန်းဖြင့်ရှိနေကြောင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ကြက်သွန်နီအကျပ်အတည်းကြောင့် ထိခိုက်မှုများရှိခဲ့သော်လည်း အစိုးရမှ ပြည်တွင်းကြက်သွန်နီ ဖူလုံရေးအတွက် အချိန်မီ တင်သွင်းပေးခဲ့ခြင်းကိုလည်း အလွန်ကျေးဇူးတင်လျက်ရှိကြောင်း၊ သို့သော် ပြည်တွင်းကြက်သွန်နီ လိုအပ်ချက်ပမာဏအား ပြည့်မီခြင်းမရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

Bueau of Plant and Industry (BPI)မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်က ကြက်သွန်နီ တင်သွင်းမှု Red Onion နှင့် Yellow Onion တင်သွင်းမှုစုစုပေါင်းသည် မက်ထရစ်တန်ချိန် ၄၅၀၀၀ ဖြစ်ပြီး ပြည်တွင်းကြက်သွန်နီ လိုအပ်ချက်ထက် မက်ထရစ်တန်ချိန် ၅၀၀၀၀ လျော့နည်းခဲ့သည်ကို သိရှိရကြောင်း၊ ယခုကြက်သွန်နီ အထွက်တိုးနှုန်းသည် အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းပေးသွားနိုင်ပြီး ဈေးနှုန်းလည်း တည်ငြိမ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ မြို့တော်မနီလာဈေးကွက်ရှိ တင်သွင်းလာသည့် ကြက်သွန်နီ (imported onion) ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို၈၀မှ ပီဆို ၁၆၀ ကြား (၄၅၀၀ ကျပ်မှ ၉၀၀၀ ကျပ်ကြား)ရှိကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ပထမခြောက်လပတ် ကာလအတွင်း အထက်ဖော်ပြပါ ဒေသများမှ ကြက်သွန်နီ စိုက်ပျိုးရိတ်သိမ်းနိုင်မှုပမာဏ ပျမ်းမျှမက်ထရစ်တန် ၂၃၀၀၀၀ ခန့်ရှိနိုင်ပြီး တစ်နိုင်ငံလုံးနှစ်စဉ် စိုက်ပျိုးထုတ်လုပ်နိုင်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)**
**မနီလာမြို့**




# ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ

## စနစ်တကျရှိစေရေး MyRO တွင်

# မှတ်ပုံတင်မှုဆောင်ရွက်ပေး

လှပို၊ ယဥ်ဝင့်ဝါ(CTQM)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၆ ရက်တွင် ကျင်းပခဲ့သည့် မြန်မာဆန်စပါးညီလာခံ ၂၀၂၂ တွင် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ် ဖော်ထုတ်သုံးသပ်ချက် (၄၃)ချက်ကို သက်ဆိုင်ရာကဏ္ဍအလိုက် ကာလတို၊ ကာလလတ်၊ ကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖော်ထုတ်ချက်များအနက် သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့်သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့်ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစီအစဉ်ပါရှိသည်။

အဆိုပါအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက်မြန်မာဆန်စပါးအွန်လိုင်း(Myanmar Rice Online- MyRO) ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model) ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆန်စပါးစီးပွားရေးလုပ်ငန်းများအား ခေတ်မီ ဒီဂျစ်တယ်နည်းပညာဖြင့် အသွင်ကူးပြောင်း၍ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊ တောင်သူလယ်သမားများ၊ ကုန်သည်၊ စက်ပိုင်လုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပ ဝယ်သူ/ရောင်းသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသီများ၊ စားသုံးသူများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့်ဆက်နွယ်သည့် Stakeholder များအတွက် MyRO တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ မှတ်ပုံတင်သည့်လုပ်ငန်းများကို အချိန်တိုအတွင်း လွယ်ကူရိုးရှင်းစွာဖြင့် ရယူဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်၏ ဆန်စပါးလုပ်ငန်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ခေတ်မီ ဒီဂျစ်တယ်နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ထိန်းကျောင်းနိုင်ရန်တို့အတွက် စီစဉ်ဆောင်ရွက်ထားသည်။

MyRO Website တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားဖြစ်ရောင်းဝယ်ရန် အလို့ငှာ လုပ်ငန်းတည်နေရာတစ်နေရာတည်းမှ ဆန်အိတ်ပေါင်း ၁၀၀၀ နှင့်ညီမျှသည့် ဆန်တန်ချိန် ၅၀(သို့မဟုတ်)စပါးတင်းပေါင်း ၅၀၀၀ နှင့်အထက် သိုလှောင်နိုင်သည့် သိုလှောင်ရုံများကို မှတ်ပုံတင်ရသည့်စနစ်ကို ကနဦးဆောင်ရွက်လျက်ရှိသည်။ Myanmar Rice Online (MyRO) တွင် လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျ သတ်မှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆန်စပါးကဏ္ဍတွင် ပုံမှန်လုပ်ငန်းလုပ်ကိုင်နေသူများအား ဝန်ထုပ်ဝန်ပိုးနှင့် ထိခိုက်မှုမရှိစေရေးအတွက်လည်းကောင်း၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျ ရောင်းဝယ်ခြင်းမဟုတ်သည့်လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးအတွက်လည်းကောင်း၊ ဈေးဝယ်အရောင်းစင်တာ (Super Market)များနှင့် လက်လီ၊ လက်ကားဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှုများအတွက် သိုလှောင်မှုများကို စနစ်တကျရှိစေရန်အတွက် မြန်မာဆန်စပါး အွန်လိုင်း(MyRO) စနစ်တွင် မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အသိပေးကြေညာထားပြီးဖြစ်သည်။

ဆက်လက်၍ သိုလှောင်ရုံလက်မှတ်၊ ဘဏ်ချေးငွေ ရယူသည့်စနစ်၊ လက်ရှိပြည်ပကို ဆန်တင်ပို့နေသည့်ကုမ္ပဏီစာရင်းများ၊ ခေတ်မီ ဆန်စက်စာရင်းများ၊ ဆန်လက်လီလက်ကား အရောင်းဆိုင်များ စိစစ်မှတ်ပုံတင် စာရင်းပြုစုထားသည့်စာရင်း၊ ဆန်စပါးလုပ်ငန်းတွင် ပါဝင်သည့် မျိုး၊ မြေဩဇာ၊ စပါး၊ ဆန်၊ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူရောင်းချနိုင်ရန် သတင်းအချက်အလက်များ ဖော်ပြထားသည့်အစီအစဉ်၊ မြန်မာ့ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်သော သိကောင်းစရာများ၊ ဗဟုသုတများ၊ သတင်းအချက်အလက်များကို လေ့လာဖတ်ရှုနိုင်မည့်အစီအစဉ်၊ ဆန်စပါးဆိုင်ရာကဏ္ဍအားလုံး၊ ဆန်စက်များမှတ်ပုံတင်ခြင်း ဆန်လက်လီလက်ကားအရောင်းဆိုင်များ မှတ်ပုံတင်ခြင်း၊ မျိုးစေ့မျိုးသန့်များ ရောင်းဝယ်ခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ ဆန်စပါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာထုတ်ပြန်ချက်များ၊ အမိန့်ညွှန်ကြားချက်များကို တစ်စုတစ်စည်းတည်း ဆောင်ရွက်နိုင်သည့် Online Platform ဖြစ်ရန် ရည်မှန်းဆောင်ရွက်ထားရှိသည်။

MyRO တွင် သိုလှောင်ရုံများ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ခြင်းအားဖြင့် ဆန်စပါးသိုလှောင်နိုင်မှု၊ သိုလှောင်ထားမှုစာရင်းများ၊ သိုလှောင်ရုံများတွင် ဆန်စပါးအမျိုးအစားလိုက် သိုလှောင်ထားမှုများအား ပိုမိုတိကျမှန်ကန်စွာသိရှိနိုင်ပြီး ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူပြုခြင်း၊ ပြည်တွင်းဆန်ဖူလုံမှုအပေါ်ချိန်ဆပြီး ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးကို ဆောင်ရွက်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ဆန်စပါးသိုလှောင်ရုံများသည် ဆန်စပါးလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စနစ်တကျရှိစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတိုင်းတွင် မှတ်ပုံတင်ခြင်းကို ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများ ထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိသည်။ အစိုးရပိုင်းသည် ထိန်းကျောင်းရေးကို ဦးတည်ပြီး ပုဂ္ဂလိကအပိုင်းသည် ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ကြသည်။ အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံတွင် 2015 Civil and Commercial Code E နှင့် Law on Warehouse, Silo and Cold Storage (2015)ကို ထုတ်ပြန်၍ Warehouse, Silo and Cold Storage စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်၍ လိုင်စင်ရယူခြင်းကို ဆောင်ရွက်ကြသည်။ အိန္ဒိယနိုင်ငံတွင် Warehouse (Development and Regulation) Act ကို ၂၀၀၇ တွင် ပြဋ္ဌာန်းခဲ့ပြီး မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ၎င်းဥပဒေအရ Warehouse Development and Regulation Authority (WDRA) ကို ၂၀၂၀ တွင် ဖွဲ့စည်းခဲ့ပြီး သိုလှောင်ရုံမှတ်ပုံတင်ခြင်းကို ဆောင်ရွက်သည်။ www.wdra.gov.in သည် သိုလှောင်ရုံများမှတ်ပုံတင်ခြင်းအတွက် အီလက်ထရွန်နစ် အွန်လိုင်းပလက်ဖောင်းတစ်ခုဖြစ်သည်။ Warehouse Receipt Financing System စနစ် တစ်ခုဖော်ဆောင်သွားရေးအတွက် Warehouse များ မှတ်ပုံတင်၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းမှာ ပထမအခြေခံစနစ်တစ်ခုလည်းဖြစ်သည်။

မြန်မာဆန်စပါးအွန်လိုင်း (MyRO)တွင် ဆန်စပါး သိုလှောင်ရုံများအား မှတ်ပုံတင်မည်ဆိုပါက www.myro.com.mm သို့ ဝင်ရောက်ပြီး Member ထဲသို့ ဝင်ရောက်ကာ အကောင့်အသစ်ဖွင့်ရန်ဆိုသည်ကို ရွေးချယ်၍ အဆင့်ဆင့်ဆောင်ရွက်သွားရမည်။ မဖြစ်မနေထည့်သွင်းရမည့် Data အချက်အလက်များအား ခရေပွင့်ပြထားသည်။


သိုလှောင်ရုံမှတ်ပုံတင်ရာတွင် လိုအပ်သည့်အချက်များမှာ သိုလှောင်ရုံပိုင်ရှင်၏ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ကုမ္ပဏီလိုင်စင်အမှတ်၊ Passport ဓာတ်ပုံ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ သိုလှောင်ရုံတာဝန်ခံ (သို့မဟုတ်) သိုလှောင်ရုံမှူး၏ မှတ်ပုံတင်၊ ဖုန်းနံပါတ်၊ အီးမေးလိပ်စာ၊ သိုလှောင်ရုံလိပ်စာ၊ သိုလှောင်ရုံတည်နေရာ (google.com/maps မှ ရှာပြီး ရရှိသည့် ဂဏန်းအားလတ္တီကျူ လောင်ဂျီကျူနေရာတွင် ထည့်ပေးရမည်)၊ သိုလှောင်ရုံတည်နေရာ မှန်ကန်ကြောင်းအား သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်(သို့မဟုတ်)စက်မှုဇုန်တွင် တည်ရှိသော သိုလှောင်ရုံဖြစ်ပါက စက်မှုဇုန်တာဝန်ရှိသူ၏ ထောက်ခံချက် (သို့မဟုတ်) သိုလှောင်ရုံအတိုင်းအတာနှင့် အမျိုးအစားမှန်ကန်ကြောင်းကို လိုင်စင်ရ အင်ဂျင်နီယာ (သို့မဟုတ်) မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၏ ထောက်ခံချက် (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်ဒေသအတွင်းရှိ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ သက်ဆိုင်ရာ တာဝန်ရှိသူ၏ ထောက်ခံချက်နှင့် ဆန်စပါးသိုလှောင်ရုံတည်နေရာနှင့် သိုလှောင်ရုံဆိုင်ရာ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုစာတို့ လိုအပ်သည်။

မြန်မာဆန်စပါးအွန်လိုင်း(MyRO)သည် တောင်သူလယ်သမားများ၊ ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စားသုံးသူများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသူများအတွက် တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ဝန်ဆောင်မှုများ မှတ်ပုံတင်သည့်လုပ်ငန်းများကို လွယ်ကူရိုးရှင်းစွာဖြင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ အကျိုးစီးပွားတိုးပွားလာစေရေးနှင့် သိုလှောင်ရုံလုပ်ငန်းစဉ်များကိုလည်း စနစ်တကျရှိစေသည်။

MyRO တွင်နိုင်ငံတွင်းရှိ ဆန်စပါးနှင့် ကောက်ပဲသီးနှံ သိုလှောင်ရုံများကို မှတ်ပုံတင်ထားရှိခြင်းဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ ခေတ်မီ သိုလှောင်ရုံများ ဖြစ်ပေါ်စေရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား သင့်တင့်မျှတသော ကာလလတ်နှင့် ကာလရှည် ချေးငွေချေးယူခြင်း အခွင့်အလမ်းရယူလာနိုင်မည်ဖြစ်သည်။ Myanmar Rice Online (MyRO)တွင် သိုလှောင်ရုံမှတ်ပုံတင်ခြင်းလုပ်ငန်း စဉ်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ထိ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆန်စပါးသိုလှောင်ရုံများအား ကုမ္ပဏီ/ လူပုဂ္ဂိုလ်အလိုက် မှတ်ပုံတင်ကြရာ စုစုပေါင်း သိုလှောင်ရုံ(၂၅၀)လုံးအား မှတ်ပုံတင် ဆောင်ရွက်ထားပြီးဖြစ်သည်။


ဆန်စပါးညီလာခံမှ ဖော်ထုတ်ချက်များကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်း၍ စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် မြန်မာဆန်စပါးကဏ္ဍတစ်ရပ်လုံးမှာ အချိန်တို အတွင်း ဖွံ့ဖြိုးတိုးတက်လာမှာမလွဲဖြစ်သည်။ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ဆန်စက်ပိုင်များ၏ ကြိတ်ခွဲထုတ်လုပ်မှု၊ ဆန်ကုန်သည်များ၏ တင်ပို့ရောင်းချမှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာလျှင် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ၊ အထူးသဖြင့် ဆန်စပါး ဖူလုံရေးနှင့် ပိုလျှံသည့်ဆန်စပါးများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သောကြောင့် MyRO သည် တောင်သူလယ်သမားများသာမက လယ်ယာစိုက်ပျိုးရေးနယ်ပယ်တစ်ခုလုံးအတွက် အသုံးဝင်သည့် Website ဖြစ်သည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သိုလှောင်ရုံမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရေး၊ စရိတ်စကသက်သာစေရေးတို့အတွက် ဒီဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ထားသည့် MyRO ပလက်ဖောင်း အွန်လိုင်းပေါ်တွင် မှတ်ပုံတင် အသိအမှတ်ပြု လက်မှတ်ရယူခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။


WHY TO CHOOSE US?
Premium Quality Products
Reasonable Price
On Time Delivery
CITY WINNER
CITY WINNER CO.,LTD
Export, Import & Manufacture of Agro Products
Export Items
Tamarind, Dried Sweet Plum, Fresh Ginger, Dried Ginger, Ginger Powder, Dried Gooseberry, Round Soup Nuts (Reetha), Long Soup Nuts (Shikakai), Rice, Turmeric (Hinthada Quality, Kyaukse Quality, Hopong Quality, Shan Quality, Pinlaung Quality), Garlic, Onion, Betel Nuts, Coriander Seeds, Broomstick, Velvet Beans, Black Cumin Seeds, Nirger Seeds, Lajwanti Seeds, Yellow Corn, All kinds of Beans, All kinds of Agro Products, Frozen Fish & Dried Fish, etc..
Import Items
Black Pepper, Raisin, Ajwain Seeds, Black/Red Salt, Licorice Roots, Aluminium Pitcher,etc.,
Manufacture Items
Anchovy Balachong, Shrimp Balachong, Fried Anchovy, Dried Shol Fish, Fried Shallots, Fried Garlic, Roasted Soya Chunks, Salted Soya Beans, Chilli Powder, Turmeric Powder, Roasted Vermicelia, Dry Marian, Pickled Bamboo Shoots(White), Bamboo Shoots (Yellow), Mango Pickle, Mayanthi Pickle, Pickled Broken Bones Fruit, Pickled Crataeva Netural Leaf, Pickled Splinter Caparid, Pickled Young Tamarind Leaves, Red/White Lime Stone, Palm Sugar, etc..
A Member of
CITY FOOD
Rakhine Traditional Food, Indian Food, Italian Food, Chinese Food, Thai Food
Pick Up, Takeaway, Delivery 09 974111101
ENJOY HEALTHY LIFE WITH CITY WINNER
For more information: www.city-winner.com
Come to visit us!
No.(186-188), 7th Floor, Pansodan Road (middle block), Kyauktada Township,Yangon, Myanmar.
+959 440645757, +959 979444111, +959 49641370
info@city-winner.com


FPB
First Private Bank
SINCE 1992
First Private Bank ဘဏ်ခွဲတိုင်း၌
ရရှိနိုင်သောဝန်ဆောင်မှုများ
Deposit
- Current Deposit
- Special Saving Deposit
- Special Call Deposit
- Super Call Deposit
- Special Fixed Deposit
Loan
- Demand Loan
- Overdraft Loan
- Gold Loan
- Auto Loan
- Home Loan
- HP Loan
- JICA SME Loan ( Two_ Step Loan)
09 - 250 966 369
WWW.FIRSTPRIVATEBANK.COM.MM


KOTO-GX
KOTO
PVC-FREE ERASER
KOTO ERASER
KOTO
PLASTIC ERASER
Sole Agent Hi-Life Co.,Ltd.
KW-triO
Hi-Life Stationery
Address : No. (176,178), Wardan Road, Lanmadaw Township, Yangon, Myanmar.
Tel : 09-260289829, 09-779921924
Web : www.hilifestationerymyanmar.com
Facebook : https:/www.facebook.com/Hi-Life-1772111139677743/


SOUTHERN VILLE COMPANY LIMITED
Importer of high-quality power cables and accessories from international manufacturers
NO.2905, INDUSTRIAL ZONE RD, INDUSTRIAL ZONE-2, SOUTH DAGON INDUSTRY, 63 WARD, SOUTH DAGON TOWNSHIP, YANGON REGION
09 881 888 445
INFO@SOUTHERNVILLE.COM.M
M



H & T Myanmar
Elegant Fragrances Co., Ltd.
iberchem
Head Office No.11/13, Ground Floor, 136th Street,
Ma U Gone Quarter, Tamwe Township, Yangon.
Sale Center No.110, 27th Street(Middle Street), Pabedan Township, Yangon.
09-255867844, 09-253242424, 09-420008375, 01-376663
handt@myanmarelegant.com
handtmyanmarelegant.com




ရွှေငါးမောင်မောင်
ပင်လယ်စာဖြန့်ချိရေး
ဆိုင်(၁) ပင်ရင်း အမှတ်(ရ၁၆)၊ မဟာဗန္ဓုလလမ်း (၁၈)လမ်းထိပ်၊ လသာမြို့နယ်။
PH : 01-251630, 251616, 251564, 250669, 09-770909760, 09-880110334, 09-880110336, 09-5178118
ဆိုင်(၂) အမှတ် (၁၄၀)၊ ဦးချစ်မောင်လမ်း၊ အရှေ့ပဟိုလမ်းထောင့်၊ ဈေးကွေ့မှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်။
PH : 09-443049655, 09-258740179
ဆိုင်(၃) အမှတ်(၆၀၁)၊ (၁)ဘိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
PH : 880111637, 09-763567177
ဆိုင်(၄) အမှတ်(၄၈၈)၊ ဟန်ပြေ(၁၁)လမ်းအရှေ့၊ သာကေတမြို့နယ်။
PH : 09-761433701, 09-880177015




SHWE HTAY MIN
KLIRE ANTACID
Anaesthetic Antacid
KLIRE
ANAESTHETIC ANTACID
SUSPENSION
SUGAR FREE
125 ml
လေပြည်းလေနာများပြေးရှင်းဖို့
KLIRE ANTACID ကိုသောက်ကြဖို့
Quality Medicines . . . You Can Always Trust




ရှေ့တ်ဆိထဲမှာ ကောင်းတာ
BRAVO
Manufactured by:
MAKRO MANUFACTURING CO., LTD.
No. 14, Thukhitar Street, Dagon Seikkan Industrial Zone, Yangon, Myanmar.
09- 269 290 815, 09- 765 479 192
www.myanmarmakro.com

# Ebdjzwfausmpm&ifp0ifjcif(Cross Listing)

**ထွန်းသက်ထွန်း**

နိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်မှစတင်ကာ အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်လာခဲ့ကာကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းများကို နိုင်ငံတကာဈေးကွက်များသို့ ဝင်ရောက်ရေးအတွက် အဓိကအားထားရာနည်းလမ်းတစ်ခုဖြစ်ခဲ့သည်။

ထို့အပြင် အိုင်စီတီနည်းပညာများ တိုးတက်လာမှု၊ ဥပဒေရေးရာ အတားအဆီးများ လျော့ကျလာမှု၊ ရင်းနှီးငွေစီးဆင်းမှုများ ပိုမိုလွတ်လပ်လာမှုတို့ကြောင့် နိုင်ငံတကာစတော့အိပ်ချိန်းများ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာခဲ့ကာ စတော့များနိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်းကိုလည်း အာရုံစိုက် ဆောင်ရွက်လာကြသည်။ အမေရိကန် စတော့အိပ်ချိန်းများ၏ နိုင်ငံဖြတ်ကျော် စာရင်းတင်သွင်းမှုများ ၁၉၈၀ ခုနှစ်အလယ်မှစ၍ လက်ခံခဲ့ခြင်းမှ ယခုအခါ ကမ္ဘာတစ်ဝန်းရှိစတော့အိပ်ချိန်းများသည်လည်း နိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်းကို လက်ခံဆောင်ရွက်လာခဲ့ကြသည်။

နိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်းဆိုသည်မှာ ကုမ္ပဏီတစ်ခုက ထုတ်ဝေထားသည့် Common share များကို မိခင်နိုင်ငံရှိ စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းသည့်အပြင် အခြားနိုင်ငံရှိ စတော့အိပ်ချိန်းတွင်ပါ ထပ်မံစာရင်းဝင်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကုမ္ပဏီတစ်ခုသည် မိမိစတင်ထုတ်ဝေထားသည့် ရှယ်ယာများကို မိခင်နိုင်ငံ စတော့အိပ်ချိန်းတွင် စတင် စာရင်းဝင်ခြင်းဖြစ်ပြီး ထပ်မံထုတ်ဝေသည့် ရှယ်ယာများကို အခြားနိုင်ငံရှိ စတော့အိပ်ချိန်းတစ်ခုတွင် စာရင်းဝင်ခြင်းဖြစ်သည်။ ကုမ္ပဏီအနေနှင့် အစောပိုင်းကာလများတွင် သေးငယ်သည့် ဈေးကွက်များတွင် စတင်ခဲ့သော်လည်း နောက်ပိုင်းပိုမိုကြီးမားသည့် ဈေးကွက်များသို့ ခြေလှမ်းလိုသည့်အချိန်တွင် ဤစနစ်ကို ကျင့်သုံးလေ့ရှိသည်။

ဥပမာ- အမေရိကန်မဟုတ်သည့် အခြားနိုင်ငံများမှ ကုမ္ပဏီများသည် နယူးယောက်စတော့အိပ်ချိန်း၊ NASDAQ အစရှိသည်တို့တွင် သွားရောက်စာရင်းဝင်ခြင်းဖြစ်သည်။

ဥပမာ-တိုကျိုစတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် Toyota , Sony အစရှိသည့် ကုမ္ပဏီကြီးများသည် NYSE, NASDAQ , London Stock Exchange စသည်တို့တွင် သွားရာက်စာရင်းဝင်ခြင်းဖြစ်သည်။ တရုတ်အခြေစိုက် Tencent ကုမ္ပဏီသည် ဟောင်ကောင် စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် တရုတ်အခြေစိုက် Alibaba ကုမ္ပဏီသည် နယူးယောက်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းတို့သည်လည်း ထင်ရှားသည့် နိုင်ငံဖြတ်ကျော် စာရင်းဝင်ခြင်းများဖြစ်သည်။ ဤနည်းစနစ်သည် ADR, GDR စသည့် အခြားသောရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများနှင့် တူညီမှုမရှိသည်ကို သတိပြုစေလိုသည်။

သာဓကအားဖြင့် Sony Company အစုတစ်သန်းကို တိုကျိုစတော့အိပ်ချိန်း TSE တွင် စာရင်းဝင်ပြီးနောက် ထပ်မံထုတ်ဝေသည့် အစုတစ်သန်းကို နယူးယောက်စတော့အိပ်ချိန်း NYSE တွင် စာရင်းဝင်ခြင်းဖြစ်သည်။ သို့အတွက် Sony ၏ စုစုပေါင်း ထုတ်ဝေထားသည့် ရှယ်ယာအရေအတွက်မှာ နှစ်သန်းဖြစ်သည်။

လက်တွေ့လေ့လာချက်များအရ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်ကာ စတော့ရှယ်ယာထုတ်ဝေသည့် စရိတ်စက (cost of equity capital)များမှ တဖြည်းဖြည်း ကျဆင်းခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ကုမ္ပဏီများအနေနှင့် အရည်အသွေးပြည့်စုံသည့် သတင်းအချက်အလက်များကို အများပြည်သူထံသို့ လျင်မြန် မှန်ကန်စွာရောက်ရှိမှုကြောင့် သတင်းအချက်အလက်စရိတ်များ သက်သာလာခဲ့သည်။

ကုမ္ပဏီအများစုသည် အခြားနိုင်ငံများသို့ ဖြတ်ကျော်စာရင်းဝင်ပြုလုပ်ခြင်းဖြင့် မိမိတို့၏ ရှယ်ယာများကို ဈေးကွက်မြှင့်တင်ကြသည်။ သို့သော် မိမိကုမ္ပဏီသည် အခြားနိုင်ငံ၏ စတော့အိပ်ချိန်း၏ စာရင်းဝင် စံများနှင့်လည်း ကိုက်ညီရန်လိုအပ်သည်။ ထိုသို့ဖြတ်ကျော်စာရင်းဝင်ခြင်းဖြင့် ပိုမိုပြီးငွေဖြစ်လွယ်ကာ ရောင်းဝယ်မှု ပိုမိုသွက်လက်စေပြီး စတော့ဈေးကွက်နှစ်ခု၏ ဈေးနှုန်းများ အပြန်အလှန် အကျိုးသက်ရောက် (reflect) ဖြစ်စေသည်။

Cross Listing လုပ်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ-

(က) မတူညီသော ဒေသစံတော်ချိန်အသီးသီးတွင် မတူညီသည့် ငွေကြေးများဖြင့် ရောင်းဝယ်နိုင်ခြင်း၊

(ခ) ရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီအနေဖြင့် ပိုမိုငွေဖြစ်လွယ်ပြီး ရင်းနှီးငွေ ပိုမိုမြှင့်တင်နိုင်ခြင်း၊

(ဂ) ကုမ္ပဏီအနေဖြင့် စတော့အိပ်ချိန်းတစ်ခုထက် ပိုမိုစာရင်းဝင်ထားခြင်းကြောင့် ကုမ္ပဏီ၏ အဆင့်အတန်းနှင့် ရပ်တည်မှု ပိုမိုမြင့်မားလာစေခြင်း စသည်တို့ဖြစ်သည်။

ကုမ္ပဏီတစ်ခု Cross Listing လုပ်မည်ဆိုပါက မည်သည့်နိုင်ငံတွင် ပြုလုပ်မည်၊ မည်သည့်စတော့အိပ်ချိန်းနှင့် ပိုမိုကိုက်ညီသည်။ မည်သည့်နိုင်ငံတွင် ရင်းနှီးငွေမြှင့်တင်ရ လွယ်ကူသည် ဆိုသည်ကို ကြိုတင်စဉ်းစား ဆုံးဖြတ်ရန်လိုအပ်သည်။

တစ်ခါတစ်ရံ စတော့အိပ်ချိန်းတစ်ခုနှင့်တစ်ခု စာရင်းဝင်စံများ ညီညွတ်မှုမရှိသည်ကိုလည်း တွေ့ရသည်။ ဥပမာ- အမေရိကန် စတော့ဈေးကွက်များ၏ စာရင်းဝင်စံများမှာ ပြင်းထန်သည်ဟု သတ်မှတ်ထားသော်လည်း ၂၀၁၄ ခုနှစ်က ဖြစ်ခဲ့သည့် သာဓကများအရ ဟောင်ကောင်စတော့အိပ်ချိန်း၏ ကော်ပိုရိတ်စီမံခန့်ခွဲမှု စံများက အမေရိကန်စတော့အိပ်ချိန်းများထက် ပိုမိုပြင်းထန်နေသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံအခြေစိုက် အိုင်တီကုမ္ပဏီဖြစ်သည့်Alibaba သည် ဟောင်ကောင်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရန်ကြိုးစားခဲ့ရာတွင် ယင်းကုမ္ပဏီ၏ ရှယ်ယာအတန်းအစားနှစ်မျိုးနှင့် မဲပေးခွင့်များ မတူညီမှုကြောင့် ဟောင်ကောင်စတော့အိပ်ချိန်းသို့ ဝင်ခွင့်မရခဲ့သဖြင့် နယူးယောက်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခဲ့ရသည့် သာဓကများရှိခဲ့ သည်။

ဆက်လက်၍ Alibaba သည် နယူးယောက်တွင် ၎င်း၏ ရှယ်ယာများကို ကမ်းလှမ်းရောင်းချခဲ့သည်။ နောက်ပိုင်းတွင် ဟောင်ကောင်စတော့အိပ်ချိန်းသည် ၎င်း၏ စာရင်းဝင်စံအချို့ကို ဖြေလျှော့ပေးခဲ့သည်။

တရုတ်မိုဘိုင်းဖုန်းကုမ္ပဏီ Xiao Mi သည် စာရင်းဝင်စံများ ဖြေလျှော့ပြီးနောက် ဟောင်ကောင် စတော့အိပ်ချိန်းသို့ ပထမဆုံး Cross Listing ပြုလုပ်သည့် ကုမ္ပဏီဖြစ်ခဲ့သည်။

စင်ကာပူစတော့အိပ်ချိန်းသည်လည်း ၂၀၁၈ ဇွန်လမှ စတင်ကာ ၎င်း၏ စာရင်းဝင်စံအချို့ကို ပြန်လည်ပြင်ဆင်ခဲ့ကာ နိုင်ငံတကာ ကုမ္ပဏီများအား ပိုမို ဝင်ရောက်လာစေရန် ဆောင်ရွက်ခဲ့သည်။

ကနေဒါနိုင်ငံသည်လည်း လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်နှစ်ခုမှ စတင်ကာ Cross Listing ကိုဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ် စာရင်းများအရ ကနေဒါကုမ္ပဏီပေါင်း ၁၈၁ ခုသည် နယူးယောက်စတော့အိပ်ချိန်သို့ စာရင်းဝင်ခဲ့ကာ ကုမ္ပဏီ ၂၁ ခုသည် လန်ဒန်စတော့အိပ်ချိန်းသို့ စာရင်းဝင်ခဲ့ပြီး ပမာဏ အများဆုံး နိုင်ငံဖြတ်ကျော် စတော့ဈေးကွက်ဝင်ခြင်းကို ဆောင်ရွက်ခဲ့သည်။ ယင်းသို့ စာရင်းဝင်ရာတွင် စီးပွားရေးကဏ္ဍအစုံပါဝင်ပြီး အထူးသဖြင့် သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ၊ နည်းပညာလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည်။ အထူးသဖြင့် လွန်ခဲ့သည့် နှစ် ၂၀ အတွင်း ကနေဒါ စတော့ဈေးကွက်စာရင်းဝင်ကုမ္ပဏီ အတော်များများမှာ အမေရိကန် စတော့ဈေးကွက်များသို့ စာရင်းဝင်ရောက်ခြင်းကို အစဉ်အလာတစ်ရပ်အဖြစ်ဆောင်ရွက်ခဲ့ကြသည်။

ဥရောပဒေသမှ ကုမ္ပဏီအတော်များများမှာလည်း လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုမှစတင်ကာ နိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီး အထူးသဖြင့် အမေရိကန်စတော့ဈေးကွက်သို့ သွာရောက် စာရင်းဝင်ကြသည်။ တစ်ဖက်တွင်လည်း အမေရိကန်ကုမ္ပဏီများအနေနှင့် ဥရောပ စတော့ဈေးကွက်များသို့ သွားရောက် စာရင်းဝင်မှု အရေအတွက်မှာ တဖြည်းဖြည်းလျော့ကျလာခဲ့သည်။ ဤသည်မှာ အမေရိကန် စတော့အိပ်ချိန်းများသည် ဥရောပစတော့အိပ်ချိန်းများထက် ပိုမို၍ ငွေဖြစ်လွယ်ခြင်း၊ ပိုမို၍ ပြိုင်ဆိုင်မှု ပြင်းထန်ခြင်း၊ ကျယ်ပြန့်သည့် ရင်းနှီးမြှုပ်နှံသူများ ရရှိစေခြင်းနှင့် ရင်းနှီးငွေမြှင့်တင်ရန် ပိုမိုလွယ်ကူခြင်းများကြောင့်ဖြစ်သည်။ သို့အတွက် အမေရိကန်ကန် စတော့အိပ်ချိန်းများသည်လည်း ကမ္ဘာ့ဈေးကွက်တွင် ပို၍ အရေးပါသောနေရာမှ ရပ်တည်လာခဲ့ပေသည်။

သုတေသနပညာရှင်များက Cross Listing သည် စာရင်းဝင်ကုမ္ပဏီများအတွက် အမှန်အကျိုး ရှိ၊ မရှိကို လေ့လာခဲ့ကြသည်။ လေ့လာတွေ့ရှိချက်အများစုတွင် အမေရိကန်ရှိ စတော့အိပ်ချိန်းများတွင် စာရင်းဝင်ရောက်သည့် အမေရိကန် မဟုတ်သော ကုမ္ပဏီများ၏ စတော့ဈေးနှုန်းများသည် အပေါင်းလက္ခဏာဆောင်သည့် ရလဒ်များရရှိခဲ့ပြီး ကုမ္ပဏီ၏ တန်ဖိုးကို မြင့်တက်လာစေခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် မိခင်နိုင်ငံတွင် ယင်းကုမ္ပဏီ၏ တိုးတက်မှု အလားလာအများလည်း ပိုမိုကောင်းမွန်ကြောင်း ဆိုခဲ့ကြသည်။ အထူးသဖြင့် စတော့အိပ်ချိန်းကြီးများတွင် စာရင်းဝင်သည့်ကုမ္ပဏီများသည် ကောင်တာဈေးကွက် (OTC) တွင် စာရင်းဝင်သည့် ကုမ္ပဏီများထက် အောင်မြင်မှု အလားအလာများ ပိုမိုကောင်းမွန်သည်ဟု ဆိုခဲ့သည်။

နိုင်ငံဖြတ်ကျော် စာရင်းဝင်ခြင်းတွင် ကုန်ကျစရိတ်များ ရှိသလို အဆင်မပြေမှုများလည်းရှိသည်။ ကုမ္ပဏီအမှုဆောင်များအနေဖြင့် တစ်ဖက်နိုင်ငံ စည်းမျဉ်းထိန်းကျောင်းသူများ၏ အနီးကပ်စစ်ဆေးမှုများ၊ အစီရင် ခံမှုနည်းနစ်များ၊ ဖွင့်ကြေညာချက်များ သုတေသီများ၏ စိစစ်မှုများကြောင့် ဖိအားပေးမှုများနှင့် ကြုံတွေ့နိုင်သလို စာရင်းဝင်စရိတ်များကိုလည်း ထပ်မံပေးဆောင်ရမည့် တာဝန်ရှိသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်ကမူ အရွယ်အစားသေးငယ်သည့် ကုမ္ပဏီများအနေနှင့်မူ အမေရိကန်စတော့အိပ်ချိန်းများထက် ဥရောပ စတော့ဈေးကွက်များသို့ သွားရောက်ကာ စာရင်းဝင်ခြင်းမှာ ပိုမိုတွက်ခြေကိုက်သည်ဟု ဆိုခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်တို့၏ Sarbanes-Oxley Act ကြောင့် ကုမ္ပဏီအငယ်များအနေနှင့် စရိတ်စက များပိုမိုကုန်ကျနိုင်ကြောင်း ဖော်ပြခဲ့ကြသည်။ သုတေသီအချို့ကမူ Cross listing သည် ကုမ္ပဏီ၏ ရေရှည်တန်ဖိုးမြင့်မားမှုကို ထိန်းမထားနိုင်ကြောင်းလည်း ဆိုခဲ့ကြသည်။

> **သုတေသနပညာရှင်များက Cross Listing သည် စာရင်းဝင်ကုမ္ပဏီများအတွက် အမှန်အကျိုး ရှိ၊ မရှိကို လေ့လာခဲ့ကြသည်။ လေ့လာတွေ့ရှိချက်အများစုတွင် အမေရိကန်ရှိ စတော့အိပ်ချိန်းများတွင် စာရင်းဝင်ရောက်သည့် အမေရိကန်မဟုတ်သော ကုမ္ပဏီများ၏ စတော့ဈေးနှုန်းများသည် အပေါင်းလက္ခဏာဆောင်သည့် ရလဒ်များရရှိခဲ့ပြီး ကုမ္ပဏီ၏တန်ဖိုးကို မြင့်တက်လာစေခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။**

**Source: (1) Eric Chouinard and Chris D'Souza, Financial Markets Department. Bank of Canada "The Rationale for Cross-Border Listings"**

**(2) Wikipedia**

**(3) Angelina Kwan, HKEX, Cross Listing and Depository Receipts**

CROP
INTEGRATED AGRICULTURE ENTERPRISE

# CPP Fertilizer Company Limited




Lot No, F4-F5, Thilawa SEZ Zone A, Yangon Region, Myanmar
ph. 09777777390, 09962759971-72

# COMMERCE INTERNATIONAL


## လျှပ်စစ်ကားလောကကို BYD က ဆက်လက်ဦးဆောင်နေ




၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ် စစ်တမ်းများအရ လျှပ်စစ်ကားလောကတွင် တရုတ်နိုင်ငံထုတ် BYD လျှပ်စစ်ကားများက EV ကားဈေးကွက်ကို ဆက်လက်လွှမ်းမိုးထားနိုင်ဆဲဖြစ်ကြောင်း carnewschina ၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး CNN သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြထားသည်။


Carnewschina က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ရက်မှ ၂၈ရက်အတွင်း ဖြစ်ပေါ်ခဲ့သည့် EV ကားဈေးကွက်၏ အခြေအနေကို စစ်တမ်းကောက်ယူပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ Tesla ကမူ BYD၏ နောက်မှ ဒုတိယနေရာတွင်သာ ရပ်တည်လျက် ရှိနေကြောင်း သိရသည်။

တရုတ် နှစ်သစ်ကူးကာလ မတိုင်မီတွင် BYD လျှပ်စစ်ကားများ၏ ရောင်းအားမှာ သိသိသာသာ တိုးတက်ခဲ့ကြောင်းနှင့် နှစ်သစ်ကူးကာလ လွန်မြောက်ချိန်တွင် အရောင်းအဝယ်များ ပြန်လည် ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း သိရသည်။

လျှပ်စစ်ကားနှင့် ပတ်သက်ပြီး အပတ်စဉ် အချက်အလက်များကို Li Auto က ထုတ်ပြန်ခဲ့ပြီး တစ်လလုံး အတိုင်းအတာဖြင့် ဆိုပါကလည်း BYD ကသာ ထိပ်ဆုံးမှ ရပ်တည်နေခြင်းဖြစ်ကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၈ ရက်အတွင်း BYDသည် တရုတ်နိုင်ငံ၌ လျှပ်စစ်ကား အစီးရေ ၁၆၈၅၀၀ အထိ မှတ်ပုံတင်နိုင်ခဲ့ကြောင်း သိရသည်။

နောက်ဆက်တွဲ ထွက်ပေါ်လာသည့် သတင်းများအရ Tesla Model Y ၏ မျိုးကွဲသစ်ကို လာမည့် ဧပြီလတွင် ရှန်ဟိုင်းစက်ရုံမှ စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ EV ကားဈေးကွက်၌ BYDထုတ် လျှပ်စစ်ကားများအပြင် တရုတ်နိုင်ငံထုတ် မဟုတ်သည့် Tesla နှင့် Volkswagen တို့သည်လည်း ရောင်းအား မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source; CNN**



## တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဗီဇာကင်းလွတ်ခွင့် သဘောတူ

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံ ဗီဇာ စည်းကြပ်သတ်မှတ်ချက်များကို ပယ်ဖျက်ရေးအတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ထိုင်း နိုင်ငံခြားရေးဝန်ကြီး နူကာရာတို့သည် ဇန်နဝါရီ နောက်ဆုံးပတ်က ၎င်းတို့နှစ်နိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီမှုကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ အဆိုပါ သဘောတူညီချက်အရ နှစ်ဖက် ခရီးသွားများအနေဖြင့် လာမည့် မတ် ၁ ရက်မှစပြီး ဆိုက်ရောက်ဗီဇာမလိုဘဲ သွားလာနိုင်တော့မည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ယခုသဘောတူညီမှုသည် နှစ်နိုင်ငံစလုံးမှ ခရီးသွားလုပ်ငန်းများ ပြန်လည်နာလန်ထူနိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်လာမည်ဟု ယုံကြည်လျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင် လာရောက်လည်ပတ်သည့် ပမာဏအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေသည်။ သို့သော် ကိုဗစ်ကာလအလွန် ၂၀၂၂ ခုနှစ်မှစ၍ ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ ပြန်လည်ဖွံ့ဖြိုးလာနေသော်လည်း တရုတ်ခရီးသွား ဧည့်သည်ဝင်ရောက်မှုမှာ မျှော်မှန်းထားသည်ထက် နည်းနေကြောင်း သိရသည်။

ကိုဗစ်(၁၉) ကပ်ရောဂါ မတိုင်မီ ၂၀၁၉ ခုနှစ်က ထိုင်းနိုင်ငံသို့ တရုတ်ကမ္ဘာလှည့်ခရီးသွား ၁၁ သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။ သို့သော် ၂၀၂၃ ခုနှစ်တွင်မူ ထိုင်းနိုင်ငံသို့ တရုတ်ကမ္ဘာလှည့်ခရီးသွား ၃ ဒသမ ၅ သန်းသာ ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

**Source; Reuters**

## အိန္ဒိယတွင် တန်ဖိုးမြင့် အိမ်ဈေးကွက် မြင့်တက်နေ

အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ် အစပိုင်းသို့ ရောက်ရှိလာချိန်မှစပြီး တန်ဖိုးမြင့် အိမ်ဈေးကွက်မှာ တိုးတက်ကောင်းမွန်လျက်ရှိကာ ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း business-standard.com ၏ ရေးသားဖော်ပြချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီရှိ အကြီးဆုံး အိမ်ခြံမြေ လုပ်ငန်းဖြစ်သည့် Delhi Land and Finance (DLF) ကုမ္ပဏီက ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် အိမ်ရောင်းချရမှုမှ အမြတ်ငွေသည် ခြောက်နှစ်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် အိမ်ခြံမြေ ရောင်းချရမှုမှ အမြတ်ငွေ ၂၇ ရာခိုင်နှုန်းအထိ ခုန်တက်ကာ အိန္ဒိယရူပီးငွေ ၆ ဒသမ ၅၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၉ သန်းခန့်) ရရှိခဲ့သည်ဟု ဆိုသည်။

အိမ်ခြံမြေ လုပ်ငန်းဖြစ်သည့် Delhi Land and Finance (DLF) ကုမ္ပဏီ၏ အဆိုပါအမြတ်ငွေ ပမာဏမှာ ၂၀၁၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးကိန်းဂဏန်းဖြစ်ကြောင်း ယင်းကုမ္ပဏီက ထုတ်ပြန်ထားသည်။ သို့သော် DLF ကုမ္ပဏီသည် အိမ်ခြံမြေ ရောင်းချရမှုမှ အကျိုးအမြတ်ကို ရူပီး ၇ ဒသမ ၂၁ ဘီလီယံအထိရရှိရန် မျှော်မှန်းခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် လျာထားချက် မပြည့်မီခဲ့ကြောင်း သိရသည်။

ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလက နယူးဒေလီ အနောက်တောင်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၈၆၅ သန်း တန်ဖိုးရှိသော ဇိမ်ခံအိမ်များကို သုံးရက်အတွင်းရောင်းချနိုင်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် တန်ဖိုးမြင့် အိမ်ခြံမြေဈေးကွက်သည် တစ်ဟုန်ထိုး တိုးတက်ခဲ့ကြောင်းနှင့် DLFက အိမ်ခြံမြေလောကတွင် အကျိုးအမြတ် အများဆုံး ခံစားနေရကြောင်း၊ Godrej Propertiesurl DLF၏ နောက်မှ ဒုတိယနေရာတွင် ရှိနေကြောင်း သိရသည်။

အခြား အိမ်ခြံမြေ ကုမ္ပဏီတစ်ခုဖြစ်သည့် Puravankara Ltd သည်လည်း အမြတ်ငွေ သုံးဆကျော် တက်လာသည်ဟုဆိုသည်။

**Source; business-standard.com**


စိုင်းဗညား - စုစည်းသည်